မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက်၊ ၂၀၀၉ ခုနှစ်၊ မေ ၁၅ ရက်၊ သောကြာနေ့၊ အတွဲ (၄၈)၊ အမှတ်(၂၂၂)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး ဖားကန့်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၄

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်းနှင့်တာဝန်ရှိသူများ လိုက်ပါလျက် မေ ၉ရက် နံနက်ပိုင်းတွင် မြစ်ကြီးနား-ဖားကန့်လမ်းပိုင်း အခြေအနေများနှင့် လမ်းတစ်လျှောက်ရှိ တံတားများကို ကြည့်ရှုစစ်ဆေးသည်။

တွေ့ဆုံ

ယင်းနောက် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာသို့ ရောက်ရှိပြီး လောကပါလဓမ္မာရုံ၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား တွေ့ဆုံသည်။

ပေးအပ်

တွေ့ဆုံပွဲတွင် ဒုတိယဗိုလ်ချုပ်ကြီးသာအေးနှင့် တိုင်းမှူးတို့က ကျေးရွာများနှင့် လူမှုရေးအသင်းအဖွဲ့များအတွက် ဘိုင်အိုဘက်ထရီနှင့် ဆက်စပ်မီးချောင်းများကို လည်းကောင်း၊ *စာမျက်နှာ ၉ ကော်လံ ၁* ✻



ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး ဖားကန့်မြို့နယ်ရှိ ကျောက်စိမ်းမြေအောက်ပြတိုက်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေရာ ကွက်ကျား

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာဖွယ်ရာရှိပါသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

သားငါးကဏ္ဍ ပိုမိုဖွံ့ဖြိုးရေးအတွက် ညောင်ရွှေမြို့နယ်၌ မွေးမြူရေးကန်ဖော်ထုတ်

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်၌ ဖော်ထုတ်ပြီး မွေးမြူရေးဇုန် မြေကွက်များကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

သတင်းခရီးသည်
ဝင်းကျော်

ဓာတ်ပုံမှတ်တမ်း
တင်စိုး (မြန်မာ့အလင်း)

စာမျက်နှာဖွဲ့စည်းမှု
သောင်းရွှေ (မြန်မာ့အလင်း)

တောင်ကြီး မေ ၁၄ (ဖက်စ်)

လူတို့၏ အာဟာရပြည့်မီရန်အတွက် နေ့စဉ်စားသုံးမှုတွင် အသား၊ ငါး၊ ဥသည် မပါမဖြစ် ဗီတာမင် အာဟာရဓာတ်များဖြစ်သည်။ ဤသို့ နေ့စဉ်နှင့်အမျှ စားသုံးနေမှုအတွက် လိုအပ်သော အသား၊ ငါး၊ ဥများကို နိုင်ငံတစ်ဝန်း မွေးမြူရေးဇုန်များထူထောင်၍ ထုတ်လုပ်ဖြည့်ဆည်းပေးလျက်ရှိသည်။

ထွက်ခွာခဲ့

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့တွင် ရောက်ရှိနေသော မြန်မာ့အလင်းသတင်းအဖွဲ့သည် ညောင်ရွှေမြို့နယ်၌ မွေးမြူရေးဇုန်ထူထောင်ရန် မြေကွက်များ ဖော်ထုတ်နေသည်ဟု ကြားသိရသဖြင့် တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်မြင့်၏ ကူညီပို့ဆောင်ပေးမှုဖြင့် အဆိုပါမွေးမြူရေးဇုန် မြေကွက်ဖော်ထုတ်သည့်နေရာသို့ မေ ၉ ရက် နံနက် ၁၀နာရီက ထွက်ခွာခဲ့ကြသည်။ *စာမျက်နှာ ၉ ကော်လံ ၄* ●

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် မေ ၁၅ ရက်)

မျိုးဆက်သစ်လူငယ်များ အမျိုးသားရေးကိုယ်ခံစွမ်းအားပြည့်ဝရန် ပျိုးထောင် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံ လေ့ကျင့်စွမ်းဆောင်

ယနေ့ (၂၁)ရာစုတွင် ကမ္ဘာ့နိုင်ငံများ၊ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် မိမိတို့ပိုင်ဆိုင်သော သယံဇာတအရင်းအမြစ်များနှင့် လူ့စွမ်းအားအရင်းအမြစ်များအား ပေါင်းစပ်ပြီး ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတကာနှင့်ရင်ပေါင်တန်း ရပ်တည်နိုင်ရေး၊ စွမ်းရည်မြင့် လူ့စွမ်းအား အရင်းအမြစ်များအဖြစ် ပြုစုပျိုးထောင်နိုင်ရေးအတွက် ပညာရည်မြှင့်တင်ရေး အစီအစဉ်များကို ရင်းနှီးမြှုပ်နှံမှုများစွာဖြင့် ဆောင်ရွက်လျက်ရှိကြသည်။

မြန်မာနိုင်ငံတွင် ၁၉၈၈ ခုနှစ်နောက်ပိုင်း အဆင့်မြင့်ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ခဲ့ရာ၌ ပြည်နယ်တိုင်း ၁၄ ခုကို အခြေပြုသတ်မှတ်ထားသည့် အထူးဖွံ့ဖြိုးရေးဒေသကြီး(၂၄)ခုလုံးတွင် ဝိဇ္ဇာသိပ္ပံဘာသာရပ် တက္ကသိုလ် ဒီဂရီကောလိပ်တစ်ခု၊ နည်းပညာတက္ကသိုလ် တစ်ခုနှင့် ကွန်ပျူတာတက္ကသိုလ်တစ်ခုစီ ဖြန့်ကြက် တည်ဆောက်ပေးထားပြီးဖြစ်သည်။

ယခုကဲ့သို့ ပြည်ထောင်စုနယ်မြေအသီးသီးတွင် အဆင့်မြင့်ပညာ သင်ယူနိုင်ရေးအတွက် အခြေခံကောင်း၊ ပတ်ဝန်းကျင်ကောင်းများကို ငွေကြေးအရင်းအနှီးအမြောက်အမြား အကုန်အကျခံတည်ဆောက်ပေးသကဲ့သို့ အဆင့်မြင့်ပညာရပ်များ ရွေးချယ်သင်ယူနိုင်မည့် အခွင့်အလမ်းများ တိုးတက်ရေး၊ ပညာရပ်ဆိုင်ရာ အရည်အသွေးမြှင့်တင်ရေးတို့ကို မြှင့်တင်ဖြည့်ဆည်းပေးလျက်ရှိသည်။

မျိုးဆက်သစ်လူငယ်များ၊ မိဘပြည်သူများသည် ပြည်တွင်း ပြည်ပ သမိုင်းရေးသင်ခန်းစာများကို သိမြင်နားလည်ပြီး ရင့်ကျက်သည့် အမျိုးသားနိုင်ငံရေးအသိအမြင်များ ပြည့်စုံနေစေရေးအတွက် အသိပညာပေးစည်းရုံးမှု၊ ဦးဆောင်လမ်းညွှန်မှု ပြုကြရမည့် အင်အားစုများတွင် အသိပညာရှင်၊ အတတ်ပညာရှင်များအနေဖြင့် အဓိကအခန်းကဏ္ဍမှ ပါဝင်သည်။

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူလူထု၏ ရင့်ကျက်တည်ငြိမ်သော အမျိုးသားရေးယုံကြည်ချက်၊ ခံယူချက်များကို တည်ဆောက်ရာတွင် ပညာရေးကဏ္ဍသည် အရေးကြီးသည့် အခြေခံအုတ်မြစ်ဖြစ်ပြီး အထူးသဖြင့် အဆင့်မြင့်ပညာရေးကဏ္ဍမှ မွေးထုတ်ပေးလိုက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များသည် နယ်ပယ်အသီးသီး၌ နိုင်ငံတော်ကို ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်ရေးအတွက် ဦးဆောင်ဦးရွက်ပြု ကြိုးပမ်းသွားကြရမည့်သူများ ဖြစ်ကြသည်။

သို့ဖြစ်၍ အနာဂတ်နိုင်ငံတော်တည်ဆောက်ရေးတွင် အမျိုးသားပညာရေးတာဝန်များ၏ မွန်မြတ်ကြီးလေးမှုကို အလေးအနက်သိမြင်ပြီး အနာဂတ်နိုင်ငံတော်ကို လက်ဆင့်ကမ်း တာဝန်ယူသွားကြမည့် မျိုးဆက်သစ်လူငယ်များအား အမျိုးသားရေးကိုယ်ခံစွမ်းအားများ ပြည့်ဝစေရန် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံဖြင့် ဆရာ ဆရာမများက လေ့ကျင့်ပြုစု စွမ်းဆောင်ပေးသွားကြရမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✱ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✱ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နေပြည်တော်မြန်မာ့အသံ

(စနေနေ့-နံနက်+နေ့လယ်+ည)

(၁၆-၅-၂၀၀၉)

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၁၅ တရားတော်(မေတ္တသုတ်၊ ခန္ဓသုတ်) ဓမ္မပူဇာတေးပဒေသာ
၇း၃၀ (၃၈)ဖြာမင်္ဂလာ
၇း၃၅ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန် + သတင်း
၈း၁၀ နံနက်ခင်းတေးပဒေသာ
၈း၃၀ လောကနီတိအသိရှိစေဖို့ (လူအချင်းချင်းအထင်သေးစိတ်)
၈း၄၀ တေးပဒေသာ
၉း၀၀ ဘဝအသွင်ကဗျာ့အမြင် (ခွင့်လွှတ်တယ်မောင်)
၉း၁၀ တေးပဒေသာ
၉း၃၀ မွေးနေ့လက်ဆောင်
၉း၄၅ အာဆီယံအစီအစဉ်
၁၀း၀၀ မင်္ဂလာလက်ဆောင်
၁၀း၃၀ သတင်းစာအာဘော်
၁၀း၃၅ တေးပဒေသာ
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ ကလေးအစီအစဉ် (စံပြလုလင်ပုံပြင်) နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၅ ဇာတ်လမ်းပမာနားဆင်စရာ (နှောင်းနောင်တ)
၁၁း၅၅ တေးပဒေသာ
၁၂း၀၀ စံတော်ချိန် တေးပဒေသာ
၁၂း၂၀ ယဉ်ကျေးမှုအနုပညာ (စိန်ခြူးကြာညောင် ဘောလယ်ရသ) ဟန်မျိုးစုံညီတေးကိုသီ
၁၃း၀၀ မွန်းလွဲပိုင်းသတင်း
၁၃း၁၀ တေးပဒေသာ
၁၃း၃၀ အစီအစဉ်ပြီး၏။
၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၂၀ ဆောင်းပါး (ပျော်ရွှင်မှု)
၁၆း၃၀ သောတရှင်လိုရာတေး
၁၇း၀၀ လေလှိုင်းကြားကပွဲတင်သံ
၁၇း၁၅ တေးပဒေသာ
၁၇း၂၅ သတင်းစာဆောင်းပါး
၁၇း၃၀ ခေတ်မရွေးသောတေးများ
၁၈း၀၀ ညနေခင်းသတင်း
၁၈း၀၅ တေးချစ်သူရွေးသီတေးပန်းချီ
၁၈း၃၀ တေးပဒေသာ
၁၉း၀၀ နိုင်ငံတကာသတင်း
၁၉း၁၀ ညချမ်းချိန်ခါတေးပဒေသာ နိုင်ငံရေးဦးတည်ချက်
၁၉း၃၀ ကျန်းမာရေးရာသိကောင်းစရာ (ကြက်သွန်ဖြူ) တေးပဒေသာ
၂၀း၀၀ ပြည်တွင်းသတင်း သံစဉ်တေးသွား မေတ္တာစကား စီးပွားရေးဦးတည်ချက်
၂၀း၃၀ ညချမ်းချိန်ခါ တေးပဒေသာ
၂၁း၀၀ နိုင်ငံတကာအနုပညာ(၄၈) ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက်
၂၁း၃၀ ညချမ်းချိန်ခါတေးပဒေသာ
၂၂း၀၀ အစီအစဉ်ပြီး၏။

နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများ

ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၄

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် တာဝန်ရှိသူများလိုက်ပါလျက် မေ ၁၂ရက်က နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်သို့ရောက်ရှိရာ (အပေါ်ပုံ) စီမံကိန်းရှင်းလင်းဆောင်၌ အေးရှားဝေါလ် ကုမ္ပဏီလီမိတက်မှ အထွေထွေမန်နေဂျာ ဦးလှမြင့်နှင့် စီမံကိန်းအင်ဂျင်နီယာ ဦးသိန်းထွန်းတို့က နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ် မြေသားလုပ်ငန်းဆောင်ရွက်မှု၊ ခရီးသည်ပင်မအဆောင် ပိုင်တိုင်လုပ်ငန်း ဆောင်ရွက်မှု၊ လေယာဉ်ရပ်နားနေရာဆောင်ရွက်မှု၊ လေဆိပ်အဝင်လမ်းဆောင်ရွက်မည့် အခြေအနေနှင့် ပိုင်တိုင်များ ပုံသွန်းလောင်းမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

လေဆိပ်အဆောက်အအုံ

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီးက လုပ်ငန်းခွင်ဘေးအန္တရာယ် မဖြစ်ပေါ်စေရေး၊ လေဆိပ်အဆောက်အအုံအတွက် လိုအပ်သော ရေလုံလောက်စွာရရှိနိုင်ရန် မြစ်ရေ စုပ်တင်ခြင်းနှင့် မြေအောက်ရေ စုပ်ယူရရှိရေးတို့အတွက် Water Treatment Plant များပါဝင်သည့် ရေသန့်စင်စက်ရုံကို တည်ဆောက်အသုံးပြု ဆောင်ရွက်သွားရေး၊ သတ်မှတ်ထားသော စံချိန်စံညွှန်းနှင့်အညီဖြစ်အောင် ဆောင်ရွက်ကြရေးတို့ကို မှာကြားသည်။

ပုံသွန်းလောင်း

ထို့နောက် ဝန်ကြီးသည် စက်ယန္တရားကြီးများဖြင့် မြေသားလုပ်ငန်း ဆောင်ရွက်နေမှု၊ ခရီးသည် ပင်မဆောင်ပိုင်ရိုက်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ ပိုင်တိုင်များ ပုံသွန်းလောင်းမှုနှင့် ပိုင်တိုင်သံချည်၊ သံကွေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မွေးနေ့အလှူ

ရန်ကုန်မြို့ မြခွာညိုအိမ်ရာ အမှတ်(၃၆)နေ Ma Sean Le Yee မှ မွေးနေ့အလှူအဖြစ် ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် (ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် ၁၅၀၀၀၀ လှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌကိုယ်စား အုပ်ချုပ်ရေးမှူး ဦးပြုံးက လက်ခံယူစဉ်။

(ကင်ဆာဖောင်ဒေးရှင်း)

မြဝတီ ရုပ်မြင်သံကြား

၁၅-၅-၂၀၀၉ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၂၀ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၂၅ ၅။ မဟာဂီတ ချိုကြည်မြ
၄း၅၀ ၆။ မျိုးချစ်တပ်မတော်
၅း၀၀ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၅း၃၀ ၈။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၅း၅၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၃။ လျှပ်တစ်ပြက်
၆း၄၀ ၁၄။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြီးမြတ်သူတို့နှလုံးသား** (အပိုင်း-၄၉)
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ စိုက်ပျိုးသုတ
၂၀။ ရှင်သန်နေသောသီချင်းများ (Living Songs)
၂၁။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နတ်ဆေးရှင်နှင့်သိုင်းမောင်နံ** (အပိုင်း-၅)

ဝန်ထမ်းများလုပ်ငန်းကျွမ်းကျင်ရေး လက်တွေ့လေ့ကျင့်မှုများဖြင့် စဉ်ဆက်မပြတ်ဆောင်ရွက် တည်ဆောက်ပြီး ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးရှင်သန်ရေး ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များအတိုင်း ဝိုင်းဝန်းပူးပေါင်းဖော်ဆောင်

နေပြည်တော် မေ ၁၄

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မေ ၁၂ရက် မွန်းလွဲ ၂နာရီခွဲတွင် မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် ပုလဲငွေရောင်ရပ်ရှိ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက် (မန္တလေး)သို့ ရောက်ရှိပြီး ဝန်ထမ်းများအား တွေ့ဆုံနှုတ်ဆက် မှာကြားကာ သတင်းစာတိုက်အတွင်း ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ ဝန်ကြီးသည် မြန်မာနှစ်သစ်ကူး ရုံးပိတ်ရက်အတွင်း သတင်းစာပုံနှိပ်စက်များအား အသေးစိတ်ဖြုတ်ယူ စစ်ဆေးပြုပြင် ကြံ့ခိုင်ရေးဆောင်ရွက်ခဲ့မှု ဓာတ်ပုံမှတ်တမ်းကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ကြံ့ခိုင်ရေးဆောင်ရွက်ထားသည့် ပုံနှိပ်စက်များကို ကြည့်ရှုစစ်ဆေးပြီး နေ့စဉ် ကြံ့ခိုင်ရေး၊ လစဉ်ကြံ့ခိုင်ရေး စနစ်တကျ ပုံမှန်ဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ စက်ရုံအတွင်း သတင်းစာစက္ကူများ ပျက်စီးလေလွင့်မှု မရှိအောင် စနစ်တကျ ထိန်းသိမ်းသုံးစွဲရေး၊ ဝန်ထမ်းများ လုပ်ငန်းကျွမ်းကျင်မှုအတွက် လုပ်ငန်းခွင်လက်တွေ့လေ့ကျင့်မှုများဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

တွေ့ဆုံနှုတ်ဆက်

ယင်းနောက် ဝန်ကြီးသည် မြန်မာ့ရုပ်ရှင်လုပ်ငန်း အထက်မြန်မာနိုင်ငံ(မန္တလေးရုံးခွဲ)သို့ ရောက်ရှိစစ်ဆေးပြီး ဝန်ထမ်းများအား တွေ့ဆုံနှုတ်ဆက်သည်။

ဝန်ကြီးသည် ညနေ ၃နာရီခွဲတွင် အောင်မြေသာစံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးသို့ ရောက်ရှိပြီး မြေစိုက်နံရံကပ်စာစောင်ဖြင့် ပြန်ကြားရေးလုပ်ငန်းဆောင်ရွက်ထားရှိမှုကိုလည်းကောင်း၊ ရုပ်မြင်သံကြားပြသခန်းနှင့် စာဖတ်ခန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

တွေ့ဆုံမှာကြား

ယင်းနောက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် ပရိဘောဂနှင့် စာအုပ်စာစောင်များ လှူဒါန်းခြင်းနှင့် ဝန်ထမ်းများအား တွေ့ဆုံမှာကြားခြင်း အခမ်းအနားသို့ တက်ရောက်သည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် ပုလဲငွေရောင်ရပ်ရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက် (မန္တလေး)တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အမှာစကားပြောကြား

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မန္တလေးခရိုင် အောင်မြေသာစံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး၌ကျင်းပသည့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် ပရိဘောဂနှင့် စာအုပ်စာစောင်များ လှူဒါန်းခြင်းနှင့် ဝန်ထမ်းများအား တွေ့ဆုံမှာကြားခြင်း အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

အစီအစဉ်အရ အောင်မြေသာစံ စက်မှုလက်မှုကုန်ကြမ်းပစ္စည်းရောင်းဝယ်ရေးကထိန်တော်အသင်းဥက္ကဋ္ဌ ဦးလှဝင်းက ဘုန်းတော်တိုးရပ်ကွက် လူငယ့်ရှေ့ဆောင် စာကြည့်တိုက်အတွက် စာအုပ်ဗီရိုတစ်လုံးကိုလည်းကောင်း၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်စန်းက မြို့နယ်အတွင်းရှိ စာကြည့်တိုက် ၂၆တိုက်အတွက် သုတ ရသစာအုပ်များကိုလည်းကောင်း၊ မြန်မာတိုင်း(မ်)ဂျာနယ်မှ ဦးစည်သူလွင်၊ အထက်မြန်မာသတင်းဂျာနယ်နှင့် ရွှေမန္တလေးဂျာနယ်မှ အုပ်ချုပ်ရေးမှူး ဦးမျိုးမင်း၊ နန်းမြင့်ဂျာနယ်မှ အယ်ဒီတာချုပ် ဦးဆွေနိုင်စစ်၊ မန္တလေးတိုင်း(မ်)သတင်းထောက်ချုပ် ဦးသန့်ဇင်ထွန်းနှင့် မန်းတောင်ရိပ်ဂျာနယ် တာဝန်ခံအယ်ဒီတာ ဒေါ်ခိုင်ဝတီအေးတို့က ဂျာနယ်များကိုလည်းကောင်း အသီးသီးပေးအပ်လှူဒါန်းကြရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်နိုင်က လက်ခံသည်။

ထို့နောက် ဝန်ကြီးက တည်ထောင်ပြီး ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးရှင်သန်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များအတိုင်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် ဝန်ကြီးသည် အလှူရှင်များ၊ ဖိတ်ကြားထားသူများနှင့် ဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက် (အဖိတ်နေ့)
၁၅-၅-၂၀၀၉ ရက် (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ အတီးပြိုင်ပွဲ
- ၈:၀၅ ၆။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၈:၂၀ ၇။ လျှပ်စစ်ဖြင့်အလှဆင်မည့် ရေလှောင်တမံစီမံကိန်းကြီးများ
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ **အေးမြသောလေညင်းလေးများ** မေတ္တာ၊ ဇေယျ၊ စိုးမိုးကြည်၊ ရူးရူးမောင် [ဒါရိုက်တာ-အောင်မိုး(ပဲရစ်)]

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၄:၂၀ ၃။ အကပြိုင်ပွဲ
- ၄:၃၀ ၄။ မြန်မာစာမြန်မာစကား
- ၄:၄၀ ၅။ နှောင်းခေတ်တေးပဒေသာ
- ၄:၅၀ ၆။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
- ၅:၀၀ ၇။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (ရူပဗေဒ၊ ဓာတုဗေဒ၊ သင်္ချာအထူးပြုများ) (ရူပဗေဒ)
- ၅:၁၅ ၈။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၂၅ ၉။ **သူငယ်ချင်းမရှိတဲ့ဥပဒေ** မင်းဝေ၊ ခင်ဇာခြည်ကျော်၊ ဇေကရီ ကျော်ကျော် (ဒါရိုက်တာ-မောင်ယဉ်ကျော်)
- ၅:၃၀ ၁၀။ မြင်ရသူတိုင်းရင်မှာစွဲ အင်းလေး မြန်မာ့သစ်ခွပန်းပြပွဲ(အပိုင်း-၂)
- ၅:၄၅ ၁၁။ အနုပညာကြေးမုံပြင်တစ်ချပ်ကို ခံစားကြည့်ခြင်း (နန်းတော်ရှေ့ ဆရာတင်တေးများ)
- ၆:၀၀ ၁၂။ ညနေခင်းသတင်း
- ၆:၃၀ ၁၃။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၄။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၇:၀၅ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **နားခိုရာရင်ခွင်**(အပိုင်း-၁၀)
- ၈:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာလမ်းဆုံ**(အပိုင်း-၂၃)
- ၂၀။ သီချင်းချစ်သူ

(၅၆)ကြိမ်မြောက် ဆရာဝန်ညီလာခံအတွက် ဆေးကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးပွဲ

ရန်ကုန် မေ ၁၄

(၅၆)ကြိမ်မြောက် ဆရာဝန်ညီလာခံဖြစ်မြောက်ရေးကော်မတီသည် ဆေးနှင့်ဆေးပစ္စည်းကိုယ်စားလှယ်များအား မေ ၂၉ရက်(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် အမှတ် ၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးမည်ဖြစ်၍ ဆေးကိုယ်စားလှယ်များအားလုံး တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဥရောပ၌ A/H1N1 တုပ်ကွေးဖြစ်သူ ၂၄နာရီအတွင်း ၁၄ဦးတိုးလာ

စတော့ဟုမ်း မေ ၁၄

လွန်ခဲ့သည့် ၂၄နာရီအတွင်း ဥရောပနိုင်ငံများ၌ A/H1N1 တုပ်ကွေးရောဂါဖြစ်သူ စုစုပေါင်း ၁၄ဦးတိုးလာကြောင်း ဥရောပရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဌာန(အီးစီဒီစီ)က မေ၁၂ရက်တွင် ကြေညာသည်။

ဖော်ပြထား

A/H1N1တုပ်ကွေးရောဂါဖြစ်သူ ၁၄ဦးတိုးလာမှုတွင် ဗြိတိန်မှ ၁၀ဦး၊ စပိန်မှ သုံးဦးနှင့် ဂျာမနီမှ တစ်ဦးဖြစ်သည်ဟုလည်း အီးစီဒီစီက ၄င်း၏နေ့စဉ် အစီရင်ခံစာ၌ ဖော်ပြထားသည်။

သတင်းထုတ်ပြန်

ယင်းနိုင်ငံများ၏ တရားဝင် အကြောင်းကြားမှုအပေါ်အခြေခံပြီး အီးစီဒီစီက A/H1N1တုပ်ကွေးရောဂါဖြစ်မှု အခြေအနေကို နေ့စဉ်သတင်းထုတ်ပြန်သည်။

တိုးပွားလာ

တစ်ကမ္ဘာလုံးတွင် A/H1N1 တုပ်ကွေးရောဂါဖြစ်ပွားသူ စုစုပေါင်း ၄၆၇၁ဦးအထိ တိုးပွားလာကြောင်း ကျန်းမာရေးအဖွဲ့က ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

နံရံဆေးရေးပန်းချီ

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်ရှိ အမျိုးသားပြတိုက်၌ ပြသထားသည့် နံရံဆေးရေး ပန်းချီကားပြကွက်ကို မေ ၁၃ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အမေရိကန်အစိုးရ၏ အသုံးစရိတ် ၂၆နှစ်အတွင်း ပထမဆုံးအကြိမ် လိုငွေပြ

ဝါရှင်တန် မေ ၁၄

အမေရိကန်အစိုးရအသုံးစရိတ်တွင် ဧပြီလက လိုငွေပြကြောင်း၊၁၉၈၃ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် လိုငွေပြခြင်းဖြစ်ကြောင်း အမေရိကန်ဘဏ္ဍာရေးဌာနက မေ ၁၂ရက်တွင် ကြေညာသည်။

ဧပြီလအတွင်း အသုံးစရိတ်လိုငွေပြမှု ပမာဏမှာ ဒေါ်လာ ၂၀ ဒသမ ၉ ဘီလီယံဖြစ်သည်။ ပြီးခဲ့သည့်နှစ် ဧပြီလက အသုံးစရိတ် ပိုငွေပြမှု ဒေါ်လာ ၁၅၉ ဒသမ ၃ ဘီလီယံရှိရာ ယခုနှစ်ဘတ်ဂျက် အသုံးစရိတ် လိုငွေပြမှုနှင့် အခြေအနေကွာခြားသည်ကို တွေ့ရသည်။

လိုငွေပြ

၂၀၀၈ ခုနှစ် အောက်တိုဘာ ၁ရက်က စတင်သည့် လက်ရှိဘဏ္ဍာရေးနှစ်အတွင်း ပထမခုနစ်လတွင် ယခုကဲ့သို့ အသုံးစရိတ်လိုငွေပြမှုမှာ ၂၆ နှစ်အတွင်း ပထမဆုံးအကြိမ် ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပါကစ္စတန်အနောက်မြောက်ပိုင်း နေတိုးထောက်ပံ့ရေးစခန်း တိုက်ခိုက်ခံရ

အစ္စလမ္မာဘတ် မေ ၁၄

အာဖဂန်နစ္စတန်အခြေစိုက် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး)တပ်ဖွဲ့ဝင်များ၏ ထောက်ပံ့ဖြည့်ဆည်းရေးစခန်း တိုက်ခိုက်ခံရပြီး ပါကစ္စတန် အနောက်မြောက်ပိုင်းရှိ ကုန်သေတ္တာရှစ်လုံးလည်း မေ ၁၃ ရက် နံနက်ပိုင်းက မီးရှို့ခံရကြောင်း ဒေသခံရုပ်မြင်သံကြားက ဖော်ပြသည်။

ပစ်ခတ်

အနောက်မြောက်နယ်စပ်ပြည်နယ်၏ မြို့တော်ပက်ရှ်ဝါရှိ လမ်းမပေါ်တွင် တည်ရှိသည့် နေတိုးထောက်ပံ့ဖြည့်ဆည်းရေးစခန်းအား လက်နက်ကိုင် စစ်သွေးကြွများက ရော့ကက်ဒုံးကျည်များဖြင့် ပစ်ခတ်ကြသည်ဟု ဂျီအိုရုပ်မြင်သံကြားက ဖော်ပြသည်။

ပျက်စီး

တိုက်ခိုက်မှုများအပြီး မီးလောင်ကျွမ်းမှုကြောင့် အဆိုပါနေရာသို့ မီးသတ်ယာဉ်များ စေလွှတ်ထားသည်။ တိုက်ခိုက်မှုကြောင့် ထောက်ပံ့ရေးစခန်း ပျက်စီးခဲ့ကြောင်း သတင်းများအရ သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပမည့် ၂၀၁၂ခုနှစ် အိုလံပစ်အားကစားပွဲအတွက် အားကစားရုံ တည်ဆောက်ရေးလုပ်ငန်းခွင်ကို မေ ၁၃ရက်က ဤသို့ တွေ့ရသည်။

(အင်တာနက်ဓာတ်ပုံ)

ဖက်ရှင်ပြပွဲ

ဘော့စနီးယားနိုင်ငံ ဆာရာယေဗိုမြို့၌ ကျင်းပသည့် ဖက်ရှင်ပြပွဲ၌ ဖက်ရှင်မယ်တစ်ဦး ပါဝင်ပြသဟန်ကို မေ ၁၃ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အီရတ်တွင်သေဆုံးသည့် ကန်တပ်ဖွဲ့ဝင်ပေါင်း ၄၂၉၃ဦးရှိပြီ

ဘဂ္ဂဒက် မေ ၁၄

အီရတ်နိုင်ငံဘာဆာရာမြို့၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားရာတွင် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကြောင်း အမေရိကန်စစ်ဘက်က မေ ၁၂ရက်တွင် ပြောကြားသည်။

ကြေညာ

မေ ၁၀ရက်က ၄င်းနိုင်ငံတောင်ပိုင်းရှိ နိုင်ငံစုံတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်တစ်ဦး စီးနင်းလာသည့် မော်တော်ယာဉ်သည် ဘာဆာရာမြို့တွင် ဗုံးဖောက်ခွဲခံရသဖြင့် အဆိုပါတပ်ဖွဲ့ဝင် သေဆုံးကြောင်း စစ်ဘက်ကြေညာချက်တွင် ဖော်ပြထားသည်။

ပစ်ခတ်

သီးခြားတိုက်ခိုက်မှုအတွင်း အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးက အမေရိကန်တပ်ဖွဲ့ဝင် ငါးဦးအား ဘဂ္ဂဒက်လေဆိပ်အနီးရှိ အမေရိကန်စစ်ဘက် အခြေစိုက်စခန်းတွင် ပစ်ခတ်ခဲ့သဖြင့် တပ်ဖွဲ့ဝင်များ သေဆုံးခဲ့သည်ဟု အခြားစစ်ဘက် ကြေညာချက် တစ်ရပ်တွင် ပါရှိသည်။

ပြောကြား

စစ်ဘက်က ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ အသေးစိတ်သတင်း မထုတ်ပြန်ပေ။ ယင်းဖြစ်ရပ်အား စုံစမ်းစစ်ဆေးနေပြီး နောက်ထပ် သတင်းထုတ်ပြန်မည်ဟု ပြောကြားသည်။

သိရှိ

၂၀၀၃ ခုနှစ် မတ်လတွင် အီရတ်စစ်ပွဲစတင်ဖြစ်ပွားပြီးနောက် အီရတ်တွင် သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် ၄၂၉၃ ဦးရှိပြီဖြစ်သည်ဟု အမေရိကန်စစ်ဌာနချုပ်၏ စာရင်းအရ သိရှိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီရတ်နိုင်ငံ ကယ်ကွတ်မြို့၌ ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို မေ ၁၃ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အယ်လ်ခိုင်ဒါဟု သံသယရှိသူနှစ်ဦးအား အီတလီရဲတပ်ဖွဲ့က ဖမ်းဆီး

ရောမ မေ ၁၄

ဥရောပဒေသရှိ အယ်လ်ခိုင်ဒါကွန်ရက်ခေါင်းဆောင်များဟု သံသယရှိသူ ပြင်သစ်အမျိုးသားနှစ်ဦးအား အီတလီအစိုးရရှေ့နေများက ဖမ်းဝရမ်းအသစ် ထုတ်ပြန်ကြောင်း ရဲတပ်ဖွဲ့က မေ ၁၂ရက်တွင် ပြောကြားသည်။

စုံစမ်းစစ်ဆေး

အဆိုပါ သံသယရှိသူများအား နိုင်ငံအတွင်း တရားမဝင် ဝင်ရောက်မှုအပေါ် စုံစမ်းစစ်ဆေးမှုပြုလုပ်သည့် အစီအစဉ်အဖြစ် အကျဉ်းချထားသည်ဟု ပါရီမြို့ရှိ ရဲတပ်ဖွဲ့က ပြောကြားသည်။

ဖော်ထုတ်

နောက်ဆက်တွဲ စစ်ဆေးမှုများပြုလုပ်ရာ ဥရောပဒေသရှိ အယ်လ်ခိုင်ဒါကွန်ရက်နှင့် ၄င်းအမျိုးသားနှစ်ဦးသည် ဆက်စပ်မှုရှိကြောင်း အရာရှိများက ဖော်ထုတ်နိုင်ခဲ့သည်။

ဖော်ပြ

၄င်းတို့နှစ်ဦးသည် ပါရီမြို့ ချားလ်စ်ဒီဂေါလေဆိပ်တိုက်ခိုက်မှု အပါအဝင် ပြင်သစ်နှင့် ဗြိတိန်တို့တွင် တိုက်ခိုက်မှုများ ပြုလုပ်ရန် စီစဉ်ခဲ့သည်ဟု အန်ဆာသတင်းဌာနက ဖော်ပြသည်။

အမ်အင်န်အေ၊ရိုက်တာ

အမေရိကန်တို့လေကြောင်းမှတိုက်ခိုက်မှု အာဖဂန်ပြည်သူ ၁၄၀ သေဆုံးခဲ့ရ

ကဘူးလ် မေ ၁၄

လွန်ခဲ့သော သီတင်းပတ်က အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ၄င်း၏အာဖဂန်မဟာမိတ်များ တိုက်ပွဲဖြစ်ပွားခဲ့ကြရာ အမေရိကန်တပ်ဖွဲ့ဝင်များ၏ လေကြောင်းမှတိုက်ခိုက်မှုကြောင့် သေဆုံးခဲ့သူများတွင် အရပ်သား ၁၄၀အနက် ၉၃ဦးမှာ ကလေးများဖြစ်ပြီး ၂၅ဦးမှာ အမျိုးသမီးများဖြစ်ကြောင်း ရိုက်တာသတင်း၌ ဖော်ပြသည်။

အဆိုပါတိုက်ပွဲသည် ဖာရပ်ပြည်နယ် ဘာလာဒိုလွတ်ခရိုင်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သေဆုံးသူများတွင် အသက်အငယ်ဆုံးကလေးမှာ ရှစ်နှစ်သားအရွယ်သာရှိသေးကြောင်း။ အသက် ၁၈နှစ်အောက် မိန်းကလေး ၅၃ဦးပါရှိပြီး အသက် ၁၈နှစ်ထက်ကြီးသူ အမျိုးသား ၂၂ဦးပါဝင်ကြောင်း စာရင်းတွင်ဖော်ပြထားသည်။ ယင်းသေဆုံးမှုနှင့်ပတ်သက်ပြီး အမေရိကန်နှင့်အာဖဂန်တို့အကြား ဆက်ဆံရေးမှာ ပိုမိုဆိုးရွားလာသည်ဟု ဆိုသည်။

အမ်အင်န်အေ၊ရိုက်တာ

သုတေသနနှင့် မျိုးပွားခြံတွင် ရော်ဘာပျိုးပင်များ ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယ ဗိုလ်ချုပ်ကြီးခင်ဇော် မုဒုံမြို့ရှိ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း သုတေသနနှင့် မျိုးပွားခြံတွင် ရော်ဘာပျိုးပင်များကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မုဒုံမြို့ရှိ အရည်အသွေးမြင့် ရော်ဘာထုတ်လုပ်ရေးစက်ရုံ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော် ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၄

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် မေ ၁၁ရက် နံနက်ပိုင်းက မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မော်လမြိုင်-ကျိုက်မရောလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာလာရာ ကျိုက်မရောမြို့ ဆုတောင်းပြည့်ဘုရားကြီးသို့ ရောက်ရှိသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်နှင့် အဖွဲ့ဝင်များသည် ကျိုက်မရောမြို့ ဆုတောင်းပြည့်ဘုရားကြီးအား ပန်း၊ ရေချမ်းနှင့် ဆီမီးများ ဆက်ကပ်ပူဇော်၍ အလှူငွေများ ပေးအပ်လှူဒါန်းကာ ကျိုက်မရောမြို့နယ်၏ သာသနာ့ဗိမာန်တော်ကြီးဖြစ်သည့် ဒက္ခိဏာရာမိက ဗိမာန်တော်ကြီးတည်ဆောက်နေမှုကိုကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်နှင့် အဖွဲ့ဝင်များသည် သံဖြူဇရပ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံရာ မြို့နယ်ဥက္ကဋ္ဌက မြို့နယ်ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်က အမှာစကားပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ကြိုးစားဆောင်ရွက်

ထို့နောက် မုဒုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံရာ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်က ကျန်းမာကြံ့ခိုင်ပြီး ပညာရည်မြင့်မားသော လူ့ဘောင်သစ် ပေါ်ထွန်းလာရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ စွမ်းအားရှိသမျှ ကြိုးစားဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် တိုက်တွန်းမှာကြားပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်နှင့် အဖွဲ့ဝင်များသည် မုဒုံမြို့ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း သုတေသနနှင့် မျိုးပွားခြံသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း အထွေထွေမန်နေဂျာနှင့် တာဝန်ရှိသူတို့က ရော်ဘာစိုက်ပျိုးထားရှိမှု၊ သုတေသနနှင့် မျိုးပွားခြံတို့နှင့် စပ်လျဉ်း၍လည်းကောင်း၊ အရည်အသွေးမြင့် ရော်ဘာထုတ်လုပ်ရေးစက်ရုံနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ MSR(5) နှင့် MSR(50) အမျိုးအစား ရော်ဘာများကို လည်းကောင်း၊ မိုးရေချိန်အနည်းအများအလိုက် စိုက်ပျိုးနိုင်သော ရော်ဘာပျိုးပင်များကို လည်းကောင်း၊ အရည်အသွေးမြင့် ရော်ဘာထုတ်လုပ်ရေးစက်ရုံ၏ လုပ်ငန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

ကမ္ဘာ့လူတုပ်ကွေးရောဂါအကြောင်း တိုက်ကြီးမြို့နယ်၌ အသိပညာပေးရှင်းလင်း

ရန်ကုန် မေ ၁၄

ကမ္ဘာ့လူတုပ်ကွေးရောဂါ အသိပညာပေး ရှင်းလင်းပွဲကို မေ ၁၂ရက် နံနက် ၉ နာရီခွဲက ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်း

အခမ်းအနားတွင် မြို့နယ်ကျန်းမာရေးကော်မတီဥက္ကဋ္ဌ ကိုယ်စား၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒေါ်သီတာစန်းက အမှာစကားပြောကြားပြီး မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှဒေါက်တာအောင်သင်းက ဝက်တုပ်ကွေးရောဂါနှင့်ကာကွယ်ကုသနည်းများအကြောင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဆရာဝန်ကြီး ဦးကျော်က

(အပေါ်ယာပုံ) ကမ္ဘာ့လူတုပ်ကွေးရောဂါနှင့် ကာကွယ်ကုသနည်းများအကြောင်းတို့ကို အသိပေးရှင်းလင်း ပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း (၁၄)ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးတွင် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များ အသင်းတည်ထောင်သူ အကြံပေးပုဂ္ဂိုလ် အငြိမ်းစား ပါမောက္ခ ဒေါ်ရီရီမြင့် အမှာစကား ပြောကြားစဉ်။ (သတင်းဖော်ပြပြီး)

(ကုန်သည်/စက်မှု)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၅-၅-၂၀၀၉ (သောကြာနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော် +အာဋာနာဋိယသုတ်
၅:၁၅	MRTV-4 နံနက်ခင်းသတင်း
၆:၀၀	**နိဗ္ဗာန်မှာဘာတွေရှိသလဲ** တရားတော် (အရှင်ဇာနေယျ ရွှေမိုးညို ဆရာတော်)
၆:၅၀	ဖူးစို့ဘုရားစုံ မြို့ဖျာပုံ
၇:၀၀	MRTV-4 သတင်း
၇:၄၅	MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ ရှင်သန်လာသောနှလုံးသား(အပိုင်း-၁)
၈:၃၀	စာအုပ်ပြခန်း (စာရေးဆရာမောင်မောင်လှိုင်နှင့် တွေ့ဆုံခြင်း)
၈:၅၅	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ ကဝေပျို၏ပစ္စုပ္ပန်
၉:၃၀	သာယာဖွံ့ဖြိုး…တိုးတက်ဝေစည်… ဓညဝတီ
၉:၅၀	မြန်မာ့ခြင်းလုံး
၁၀:၀၀	Science Tech Today
၁၀:၁၅	VJ Choice
၁၀:၃၅	ပန်းချီပြခန်း ချယ်ရီလွင်ပြင်
၁၀:၄၅	နေထိုင်မှု ဝင့်ကြွား အဆင့်မြင့်အိမ်ရာစီမံကိန်းများ Residence MTP
၁၁:၀၅	ဖက်ရှင်လမ်းညွှန် (i ~ gift ရဲ့ ပိုးထည်မြန်မာဝတ်စုံများ)
၁၁:၂၀	သူတို့ပြောတဲ့ သူတို့အကြောင်း ကြည်သာ(ပွဲကြိုက်ခင်) (အပိုင်း-၁)
၁၂:၀၀	**အမွှန်မြတ်ဆုံးလက်ဆောင်** နေရဲလင်း၊ နှင်းဥ၊ မေနံ့သာခင် စောနိုင်(ရှမ်းပြည်)၊ ဒေါ်တင်တင်လှ (ဒါရိုက်တာ မောင်မောင်မြင့်)
၁၂:၂၀	တေးဂီတအစီအစဉ်
၁၂:၃၅	အင်တာနက် Online ပေါ်မှ စိတ်ဝင်စားဖွယ်ရာ Website
၁:၀၀	**နိဗ္ဗာန်မှာဘာတွေရှိသလဲ** တရားတော် (အရှင်ဇာနေယျ ရွှေမိုးညို ဆရာတော်)
၁:၅၀	ဖူးစို့ဘုရားစုံ မြို့ဖျာပုံ
၂:၀၀	MRTV-4 သတင်း
၂:၄၅	Worlds of Knowledge Hiss of Death
၃:၃၅	ရတနာပုံဘောလုံးအသင်း ရွှေ့လုပ်ငန်းစဉ်များအကြောင်း သတင်းစာရှင်းလင်းပွဲ
၃:၅၀	တေးဂီတအစီအစဉ်
၄:၁၅	ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၄:၃၀	သဘာဝအလှ ရတနာသစ်ခွကမ္ဘာ
၄:၄၀	ထူးခြားသွင်ပြင် သတ္တုပန်းပုရုပ်သွင်
၄:၅၅	Science Tech Today
၅:၁၀	စာအုပ်ပြခန်း (စာရေးဆရာမောင်မောင်လှိုင်နှင့် တွေ့ဆုံခြင်း)
၅:၃၅	Sports World
၆:၀၀	MRTV-4 ညနေခင်းသတင်း
၆:၁၅	ဖက်ရှင်လမ်းညွှန် (i ~ gift ရဲ့ ပိုးထည်မြန်မာဝတ်စုံများ)
၆:၃၀	သူတို့ပြောတဲ့ သူတို့အကြောင်း ကြည်သာ(ပွဲကြိုက်ခင်) (အပိုင်း-၁)
၇:၁၀	Worlds of Knowledge Hiss of Death
၈:၀၀	MRTV-4 သတင်း
၈:၁၅	မြန်မာ့စပီရှုလိုင်းနား
၈:၃၀	VJ Choice
၈:၅၀	ရတနာပုံဘောလုံးအသင်း ရွှေ့လုပ်ငန်းစဉ်များအကြောင်း သတင်းစာရှင်းလင်းပွဲ
၉:၀၅	Sports World
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ ရှင်သန်လာသောနှလုံးသား(အပိုင်း-၁)
၁၀:၀၀	ကဏ္ဍစုံလင် အားကစားအစီအစဉ်
၁၁:၄၅	Activities in the City [အထက(၃)ဒဂုံ ရန်ပုံငွေရှာဖွေပွဲ]
၁၂:၀၀	ပန်းချီပြခန်း ချယ်ရီလွင်ပြင်
၁၂:၁၀	နေထိုင်မှု ဝင့်ကြွား အဆင့်မြင့်အိမ်ရာစီမံကိန်းများ Residence MTP
၁၂:၃၀	နာတာရှည်ကျောက်ကပ်ရောဂါနှင့် သွေးတိုးရောဂါ (ဒေါက်တာစောနောင်)
၁၂:၄၀	အကွက်လှလှ အဆင်ဆန်း မြန်မာ့ချည်ထည်ရက်ကန်း
၁၂:၅၀	တောင်တန်းပေါ်က စိန်တလုံး
၁:၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ထန်တလန်မြို့နယ်၌ ဇမန်းစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

ဖလမ်း မေ ၁၄

ချင်းပြည်နယ် ဖလမ်းခရိုင် ထန်တလန်မြို့နယ် လှမ်ဖေကျေးရွာ ဇမန်းစာကြည့် တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို ဧပြီ ၁၉ ရက် နံနက် ၁၀ နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပရာ တာဝန်ရှိသူများက စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ထန်တလန်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ (ပြည်နယ် ပြန်/ဆက်)

ရေဦးမြို့နယ် ပြန်/ဆက်ဦးစီးဌာနဝန်ထမ်းများ စာဖတ်ဝိုင်းကျင်းပ

ရေဦး မေ ၁၄

ရွှေဘိုခရိုင် ရေဦးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရုံးဝန်ထမ်းများ စာဖတ်ဝိုင်းကို မေ ၅ရက် မွန်းလွဲ ၁နာရီက ရုပ်မြင်သံကြားခန်းမ၌ ကျင်းပရာ စာကြည့်တိုက်လက်ထောက်-(၃) ဦးမောင်မောင်က ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (၁၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း မှာကြားသည့် မိန့်ခွန်းကို ဖတ်ကြားတင်ပြပြီး မြို့နယ်ဦးစီးမှူး ဦးအောင်လင်းက ဝန်ထမ်းများအား စာဖတ်ဝိုင်းများကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းဆွေးနွေးသည်။ **(မြို့နယ် ပြန်/ဆက်)**

စက်မှုကဏ္ဍဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဖြည့်ဆည်းစီမံဆောင်ရွက်ပေးရေးဆိုင်ရာ အစည်းအဝေးကျင်းပ

နေပြည်တော် မေ ၁၄

မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ စက်မှုကဏ္ဍဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းစီမံဆောင်ရွက်ပေးရေးဆိုင်ရာ အစည်းအဝေးကို မေ ၁၂ရက် မွန်းလွဲ ၁နာရီက နေပြည်တော်ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အစည်းအဝေးတွင် မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီးဦးအောင်သောင်းက စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် ဖြည့်ဆည်းပံ့ပိုးသွားမည့် ကိစ္စများကို ရှင်းလင်းပြောကြားသည်။**(အပေါ်ပုံ)**

ဆက်လက်၍ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးစိုးသိန်းက အမှတ်(၂) စက်မှုဝန်ကြီးဌာနအနေဖြင့် ကျွမ်းကျင် အတတ်ပညာရှင်များ ပေါ်ပေါက်ရေးအတွက် ညောင်ခြေထောက်၊ ဆင်တဲ၊ သာဂရ စက်ရုံများရှိ သင်တန်းများနှင့် မကြာမီဖွင့်လှစ်မည့် ပခုက္ကူစက်ရုံ၌ သင်တန်းများ တက်ရောက် သင်ကြားနိုင်အောင် စီစဉ်ဆောင်ရွက်ပေး သွားမည့် အစီအစဉ်များကို ရှင်းလင်းပြော ကြားသည်။

တင်ပြဆွေးနွေး

ထို့နောက် တက်ရောက်လာကြသူများက စက်မှုဇုန်များဖွံ့ဖြိုးတိုးတက်မှု၊ စက်မှုဇုန်များ အဆင့်မြှင့်တင်ဆောင်ရွက်ရန်နှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်ထုတ်လုပ်နိုင်ရန် ဆောင်ရွက်နိုင်မှု ကိစ္စရပ်များနှင့်စပ်လျဉ်း၍ တင်ပြဆွေးနွေးကြသည်။

ယင်းနောက် ဝန်ကြီးများက တင်ပြချက်များကို ပြန်လည်ဆွေးနွေးကြပြီး မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ ဥက္ကဋ္ဌ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက နိဂုံးချုပ်အမှာစကား ပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား အိန္ဒိယ ဧည့်အဖွဲ့တွေ့ဆုံ

ရန်ကုန် မေ ၁၄

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား အိန္ဒိယသမ္မတနိုင်ငံ NIPHA EXPORTS (P) LIMITED မှ မန်နေဂျင်းဒါရိုက်တာ Mr. M.C. Shah နှင့် အဖွဲ့ဝင်များသည် မေ ၁၂ရက် မွန်းလွဲ ၂နာရီက ရန်ကုန်မြို့ဆည်မြောင်းဦးစီးဌာနဧည့်ခန်းမသို့ လာရောက်တွေ့ဆုံပြီး OFID ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိသော ဆီစက်ဆောက်လုပ်ရေးကိစ္စနှင့် ငွေချည်(၆) ချည်မျှင်ရှည်ဝါမှ အဆင့်မြင့် ဝါဂွမ်း ထုတ်လုပ်နိုင်ရေးတို့ကို ဆွေးနွေးသည်။

ဆွေးနွေး

အလားတူ ဝန်ကြီးအား ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Shin Imai နှင့် အဖွဲ့သည် ညနေ ၃နာရီတွင် အဆိုပါ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နာဂစ်မုန်တိုင်းသင့်ဒေသ၊ အပူပိုင်းဇုန်ဒေသနှင့် အခြားသောဒေသများရှိ စိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းများ တိုးတက်မြင့်မားရေးဆိုင်ရာများကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးသန်းဆွေ ခန့်အပ်လွှာပေးအပ်

နေပြည်တော် မေ ၁၄

နယူးယောက်မြို့ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးသန်းဆွေသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၀၉ခုနှစ် ဧပြီ ၈ရက်က နယူးယောက်မြို့၌ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းထံ ပေးအပ်ခဲ့ပြီး ဖြစ်သည်။

(သတင်းစဉ်)

မေ၁၃ရက်က လမ်းမတော်မြို့နယ် အမှတ်(၄)ရပ်ကွက် ဇလမ်း ဓမ္မာရုံ ခန်းမတွင် မူးယစ်ဆေးဝါး ပပျောက်ရေး ပညာပေးဟောပြောပွဲ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူး ထွန်းထွန်းဝေက ဟောပြောစဉ်။ (၁၀၄)

ကမ္ဘာ့လူ့တုပ်ကွေးရောဂါ ကာကွယ်ရေး အသိပညာပေးဟောပြော

ရန်ကုန် မေ ၁၄

မရမ်းကုန်းမြို့နယ် ကျန်းမာရေးကော်မတီမှ ကြီးမှူးကျင်းပသော ကမ္ဘာ့လူတုပ်ကွေးရောဂါ ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်း အသိပညာပေး ဟောပြောဆွေးနွေးပွဲကို မေ ၁၂ ရက် ညနေ ၆ နာရီက မရမ်းကုန်းမြို့နယ် အမှတ်(၁)ရပ်ကွက် ပဋ္ဌာန်းဓမ္မာရုံကြီး၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်း တက်ရောက်အမှာစကား ပြောကြားသည်။

(အောက်ပုံ)

ဆက်လက်ပြီး မြို့နယ်ကျန်းမာရေး ဦးစီးဌာန ဌာနမှူး ဒေါက်တာဒေါ်ချိုချိုလွင်က ကမ္ဘာ့လူတုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်တာဝန်ခံဒေါက်တာ ဒေါ်စိန်စိန်ကြီးက ကြက်၊ ငှက်၊ ဝက် တုပ်ကွေးရောဂါဆိုင်ရာများကိုလည်းကောင်း မြို့နယ်ကျန်းမာရေး ဦးစီးဌာန လက်ထောက်ဆရာဝန် ဒေါက်တာ ဒေါ်အေးအေးမျိုးက ရောဂါကူးစက် ညစ်ပေလက်၊ သန့်ရှင်းသောလက် ဆေးတစ်ခွက် ခေါင်းစဉ်ဖြင့် အသီးသီး အသိပညာပေး ရှင်းလင်းပြောကြားသည်။

(၁၁၁)

ကဝေပျို၏ပစ္စုပ္ပန် ဆက်လက်ပြသ ဂါဂျနီးအိန္ဒိယအချစ်အက်ရှင်ကား တစ်ကျော့ပြန်ရုံဝင်လာ

ကိုကြီးစိုး (ရုပ်ရှင်သတင်းထောက်)

ရန်ကုန် မေ ၁၄

မျက်ခြယ်ရုပ်ရှင်နှင့် ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေးက တင်ဆက်ပြီး ရန်အောင်၊ ခန့်စည်သူ၊ နန္ဒာလှိုင်၊ ခိုင်သင်းကြည်၊ ဇော်ဝမ်းနှင့် မိုးဒီတို့ ပါဝင်ထားသော **ကဝေပျို၏ ပစ္စုပ္ပန်**ဇာတ်ကားမှာ ဒုတိယ ပတ်မြောက်အဖြစ် သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် ဆက်လက်ပြသနေဆဲ ဖြစ်သည်။

ဂါဂျနီးရုံဝင်လာ

အင်္ဂလိပ်စာတန်းထိုး အိန္ဒိယ အချစ် အက်ရှင်ဇာတ်ကား Ghajini မှာ ရွှေဆောင်ရုံတွင် တစ်ကျော့ပြန် ရုံဝင်လာသည်။ တစ်ခါတုန်းက ကုမ္ပဏီပိုင်ရှင်သူဌေးလေးဖြစ်သူ ဆန်ဂျေးသည် သူချစ်သူ မော်ဒယ်မိန်းကလေးကြောင့် လူသတ်သမားဘဝ ရောက်သွားရပုံများကို ဇာတ်လမ်းဆင် ရိုက်ကူးထားသော အချစ်အက်ရှင်ဇာတ်ကားဖြစ်သည်။ ဂါဂျနီးဆိုသောသူအား မမှတ်မိဘဲ မည်သို့မည်ပုံ လက်စားချေ သွေးကြွေးဆပ်ပုံများကို ရိုက်ကွင်း၊ ရိုက်ကွက်ကောင်းကောင်း၊ ဇာတ်လမ်းဇာတ်အိမ် ခိုင်ခိုင်၊ အက်ရှင်အပြည့်ဖြင့် ရိုက်ကူးထားသည့် အမီရ်ခန်း အဆင်းန်၊ ဂျီယာခန်းတို့ အဓိက ပါဝင်ထား သည်။ နေပြည်တော်ရုံတွင် The International ဆက်လက် ပြသနေဆဲ ဖြစ်သည်။



The International ဇာတ်ကားမှ ဇာတ်ကောင်စရိုက်။

အိန္ဒိယဇာတ်ကားများ

မြို့မတန်းမြင့်ရုံတွင် လူဆိုးကလေး အမည်ရ Pokkiri ဇာတ်ကားရုံဝင်လာသည်။ အိန္ဒိယရုပ်ရှင်လောကတွင် ရက်ပေါင်း ၁၇၅ ရက်ကြာ ဆက်တိုက် ပြသခဲ့ရပြီး အကယ်ဒမီဆယ်ဆုရ ဇာတ်ကားသစ်ဖြစ်သည်။ အက်ရှင် မင်းသားဗီဂျေးနှင့် မင်းသမီးချော အဆင်းန်တို့ ပါဝင်ထားသည်။

ဘုရင့်ရုံတွင် မင်းသားအာဂျေးဒေ့ဂန်၊ မင်းသမီး ကာဂျိုးလ်တို့ ပါဝင်ထားသော Pyar to Hona hi Tha ဇာတ်ကား ပြသနေပြီး ဆုထူးပန်ရုံတွင် ဆန်ဂျေးဒတ်နှင့် စူနီးရှက်တီးတို့ ပါဝင်ထားသော Annarth အိန္ဒိယဇာတ်ကား ရုံဝင်လာသည်။



Ghajini ဇာတ်ကားမှ အမီရ်ခန်း၏ အမူအရာ။

နှင်းဆီမိုးတိမ်

ပေပါမွန်း ဗီဒီယိုထုတ်လုပ်ရေးမှ လွန်းထားထား၏ဝတ္ထုကို သရုပ်ဆောင်စိုးမြတ်သူဇာ ဇာတ်ညွှန်းရေးသားပြီး ဇာတ်ညွှန်းနှင့် ဒါရိုက်တာဒွေး ရိုက်ကူးသည့် **နှင်းဆီမိုးတိမ်** အဆင့်မြင့် မြန်မာဗီဒီယိုဇာတ်ကားမှာ နဝဒေး၊ မဟာမြိုင်၊ ဝဇီရာ(၂)နှင့် လှိုင်သာယာရုံများတွင် ရုံဝင်လာသည်။ ယင်းဇာတ်ကားတွင် ဒွေး၊ သားညီ၊ စိုးမြတ်သူဇာ၊ မြတ်ကေသီအောင်၊ အိန္ဒြာကျော်ဇင်နှင့် ဖူးဖူးတို့ ပါဝင်ထားသည်။ ။ **(မြန်မာ့အလင်း)**

ချောင်းဦးမြို့၌ ကျေးလက်လမ်း ကျောက်ချောခင်း

ချောင်းဦး မေ ၁၄

ချောင်းဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် မင်းတီကျေးရွာ ရွာအဝင်လမ်း ကျေးလက်ကျောက်ချောခင်းခြင်း လုပ်ငန်းကို အဖွဲ့တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းမြင့်နှင့် အငယ်တန်းအင်ဂျင်နီယာ (၃) ဦးဝင်းမင်းဦးတို့ မေ ၃ရက်က ကွင်းဆင်းဆောင်ရွက်ကြသည်။ **(မြို့နယ်စည်ပင်)**

● **ကျောဖုံးမှ**

"ငွမြို့ဟာ လယ်ယာစိုက်ပျိုးရေးနဲ့ သားငါးထုတ်လုပ်ရေးလုပ်ငန်းတွေပါ အောင်မြင်မှုအရှိန်အဟုန်ရရှိနေတဲ့ မြို့ဖြစ်ပါတယ်။ ဒါ့အပြင် ဆီထွက်သီးနှံစိုက်ပျိုးမှုနှင့် စားသုံးဆီထုတ်လုပ်မှုကလည်း ဖူလုံနေတဲ့မြို့ဖြစ်ပါတယ်။ နောက်ပြီး ငွမြို့ဝန်းကျင်မှာရှိတဲ့ ကျေးရွာတွေလည်း စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းတွေလုပ်ကိုင်ရတာအဆင်ပြေနေတာမို့ အေးချမ်းစည်ပင်မှုရှိနေပါတယ်" ဟု ငွမြို့နယ်စည်ပင်သာယာရေးကော်မတီမှ အမှုဆောင်အရာရှိ ဦးသန်းစိုးဦးက ရှင်းပြသည်။

အောင်မြင်ဖြစ်ထွန်း

သတင်းအဖွဲ့ ငွမြို့သို့လာရောက်စဉ်က သံတွဲ-ကျိန္တလီ၊ ကျိန္တလီ-ငွမြို့ လမ်းဘေးဝဲယာတွင် အောင်မြင်ဖြစ်ထွန်းနေသောမြေပဲစိုက်ခင်းများ၊ စပါးစိုက်ခင်းများကိုနေရာတိုင်း၌ တွေ့မြင်ခဲ့ရသည်။ စိမ်းစိုလန်းဆန်းသော မြေပဲစိုက်ခင်းများက မျက်စိတစ်ဆုံး။

တာမို့ ဒေသစားသုံးမှု ဖူလုံခဲ့ပါတယ်။ စားသုံးဆီ ထုတ်လုပ်မှုမှာလည်း မြေပဲ၊ နှမ်း၊ နေကြာ၊ ပန်းနှမ်း၊ ဆီမုန်ညင်းထွက်ရှိမှု စုစုပေါင်း ၄၇၀၇၅၉ တင်း ထွက်ရှိခဲ့လို့ စားသုံးမှုဖူလုံခဲ့ပါတယ်"ဟု ဦးကိုကိုဦးက ဆက်လက်ရှင်းပြသည်။

တစ်မျှော်တစ်ခေါ်

ငွမြို့နယ်ကား ရေမြေ ရာသီဥတု ကောင်းမွန်သဖြင့် နေရာအနှံ့အပြားတွင် စိုက်ပျိုးပင်များကို မြင်တွေ့ရသည်။ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံနှင့် ဗိုလ်ကိတ်ပဲ စိုက်ခင်းများကိုလည်း တစ်မျှော်တစ်ခေါ် မြင်တွေ့ရသည်။ အောင်မြင်ဖြစ်ထွန်း နေသောပဲစိုက်ခင်းများပင်။

မြသားကမ္ဗလာလွှမ်းခြုံ

ထို့နောက် ငွမြို့နယ်အတွင်းရှိ ရဟိုင်ကူးတို့ကျေးရွာအုပ်စုသို့ သွားရောက်ခဲ့သည်။ သံတွဲ-ငွ မော်တော်ကားလမ်းမပေါ်ရှိ ရဟိုင်ကူးတို့ကျေးရွာအုပ်စု ရဟိုင်ကွင်းကျေးရွာတွင် ဆောင်းမြေပဲနှင့် နွေစပါးစိုက်ခင်းများကို မြေပြင်အပြည့် စိုက်ပျိုးထားသဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်နေခြင်းပင် ဖြစ်သည်။ တစ်ဖန် ရေငန်များ မဝင်ရောက်နိုင်ရန် ဝေသာလီတာ၊ စဥ့်အိုး ချောင်းတာ၊ ဆားကျင်းတာ၊ ပြာတိုက်တာ၊ ဂျိုင်ကောက်တာများလည်း တည်ဆောက် ပေးထားသဖြင့် အထွက်နှုန်းများ မထိခိုက်ခဲ့ခြင်းပင် ဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်မှု

မြန်မာ့အလင်းသတင်းအဖွဲ့ ငွမြို့သို့ ပြန်လည်ရောက်ရှိပြီး မြို့တွင်း ဖွံ့ဖြိုးတိုးတက်မှုများကို လိုက်လံလေ့လာခဲ့ရာ "ငွမြို့မှာ လမ်းပေါင်း ၄၅လမ်းရှိပါတယ်။ ကတ္တရာခင်းလမ်း ၁၀လမ်း၊ ကျောက်ချောခင်းလမ်း ၁၀လမ်း၊ မြေသားလမ်း ၂၅လမ်းတို့ဖြစ်ပြီး အောင်မင်္ဂလာလမ်း၊ မြို့မဂုဏ်ရည်လမ်း၊ ငွေသောင်ယံလမ်းစတဲ့ လမ်းတွေလည်း ပြုပြင်မှုတွေ ပြီးစီးနေပါပြီ။ မြို့ပြင်လမ်းတွေ၊ ကျေးလက်လမ်းတွေ၊ ကျေးလက်သစ်သား တံတားတွေလည်း ဆောင်ရွက်ပေးထားပါတယ်"ဟု ငွမြို့နယ်အင်ဂျင်နီယာ ဦးအောင်မြတ်ဦးက ရှင်းပြသည်။

"ကျွန်တော်တို့ ငွမြို့နယ်ဟာ စိုက်ပျိုးရေးနဲ့ သား၊ ငါးထုတ်လုပ်မှုမှာ အောင်မြင်နေပါတယ်"

ဦးကိုကိုဦး
ဥက္ကဋ္ဌ
မြို့နယ်အေးချမ်းသာယာရေးနှင့်
ဖွံ့ဖြိုးရေးကောင်စီ
ငွမြို့။

ငွမြို့နယ် ရဟိုင်ကွင်းကျေးရွာမှ တစ်ဆက်တစ်စပ်တည်း မြေပဲ ၂၇၈ကကို ဤသို့ တွေ့ခဲ့ရသည်။ (မြန်မာ့အလင်း)



ငွမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ နောက်တစ်နေ့ နံနက်တွင် သွားရောက်ပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကိုကိုဦးနှင့် တွေ့ဆုံခဲ့ရာ- "ကျွန်တော်တို့ မြို့နယ်ဟာ အဓိကလုပ်ငန်းတွေကတော့ ဆန်စပါး၊ ဆီထွက်သီးနှံစိုက်ပျိုးခြင်းနဲ့ ရေလုပ်ငန်းတွေပဲ ဖြစ်ပါတယ်။ နွေစပါးစိုက်ပျိုးမှုကတော့ ငွမြို့နယ်အတွင်းမှာ ဧက ၁၆၀ကျော် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒီလိုစိုက်ပျိုးတဲ့အခါ ရဟိုင်ကွင်းဆည်နဲ့ ကမ်းသာယာဆည်တွေက စိုက်ပျိုးရေပေးဝေတာမို့ နွေစပါးနဲ့ အခြားသီးနှံတွေစိုက်ပျိုးမှုမှာ အခက်အခဲမရှိခဲ့ပါဘူး"ဟု မြန်မာ့အလင်း သတင်းအဖွဲ့သို့ ရှင်းပြသည်။

ငွမြို့နယ်သည် ရခိုင်ပြည်နယ်၏ တောင်ဘက် အစွန်ဆုံးတွင်တည်ရှိနေပြီး ဘင်္ဂလားပင်လယ်အော်နှင့် ရခိုင်ရိုးမ တောင်တန်းအကြား ရှည်လျားကျဉ်းမြောင်းတည်ရှိသည်။ မြောက်ဘက်တွင် သံတွဲမြို့နယ်၊အရှေ့ဘက်တွင်အင်္ဂပူမြို့နယ်၊ လေးမျက်နှာမြို့နယ်၊ ရေကြည်မြို့နယ်တို့တည်ရှိပြီး တောင်ဘက်တွင် သာပေါင်းမြို့နယ်ရှိကာ အနောက်တောင်ဘက်တွင် ဘင်္ဂလားပင်လယ်အော် တည်ရှိသည်။

စားသုံးမှုဖူလုံ

"ငွမြို့နယ်အတွင်းမှာ မွေးမြူရေးလုပ်ငန်းအနေနဲ့ကတော့ ပုစွန်၊ ဘုံငါး၊ ရေငန်ငါး၊ ရေငန်ပုစွန်လုပ်ငန်းတွေရှိပြီး တစ်နှစ်ကို စုစုပေါင်း ပိဿာထောင်ပေါင်း ၃၂၅၀ကျော် ထုတ်လုပ်နိုင်ခဲ့ပါတယ်။ စိုက်ပျိုးရေးမှာလည်း ပြီးခဲ့တဲ့နှစ်က မိုးစပါးနွေစပါးထွက်ရှိမှု အနေနဲ့ စုစုပေါင်း ၁၇၇၉၃၉၈တင်း ထွက်ရှိခဲ့

ထားရာ…၊ မြသားကမ္ဗလာ လွှမ်းခြုံထားသလို မြင်တွေ့ရသည်။

အထွက်နှုန်းကောင်း

ထို့အပြင် ငရုတ်စိုက်ပျိုးမှုမှာလည်း အောင်မြင် ဖြစ်ထွန်းနေပြီး မိုးငရုတ်၊ ဆောင်းငရုတ်များ သတ်မှတ်ပိဿာထက် ကျော်လွန်ထွက်ရှိခဲ့သည့်အပြင် ချင်း၊ နနွင်း၊ ငရုတ်ကောင်း စိုက်ပျိုးမှုမှာလည်း အထွက်နှုန်း ကောင်းခဲ့သည်။ ထိုသို့ အထွက်နှုန်းကောင်းရန် ကမ်းသာယာဆည်နှင့် ရဟိုင်ကွင်းဆည်များ တည်ဆောက်ပေး

ငွမြို့၏ညသည် လျှပ်စစ်မီးများဖြင့် ထိန်ထိန်လင်းလျက် လှပနေသည်။ ငွမြို့ မီးပေးမှုစနစ်နှင့် ပတ်သက်ပြီး "ငွမြို့ မီးလင်းရေး ကော်မတီအနေနဲ့ အမှတ်(၂) လျှပ်စစ် စွမ်းအားဝန်ကြီးဌာနနဲ့ ပူးပေါင်းပြီး ကျပ် ၁၅၆သိန်းတန် ၂၅၀ကေဗွီအေ ဟီးနိုးမီးစက်နဲ့ ကျပ်၂၂၂သိန်းတန် ထင်းလောင်စာသုံး ဓာတ်ငွေ့ထုတ် စက်ဝယ်ယူပြီး မြို့မီးလင်းအောင် ကြိုးစားဆောင်ရွက်ထားတာပါ"ဟု ငွမြို့ မီးလင်းရေး ကော်မတီဥက္ကဋ္ဌ ဦးမြင့်ဟန်က မြန်မာ့အလင်းသို့ရှင်းပြသည်။

ငွမြို့မီးလင်းရေး ကော်မတီသည် ငွမြို့ အမှတ် ၈၅သစ်စက်မှ ဘေးထွက်လောင်စာ ထင်းတစ်ပိဿာ၃၅ကျပ်ခန့်ဖြင့် ဝယ်ယူပြီး ကိုယ်ကျိုးမပါ စိတ်စေတနာဖြင့် မြို့မီးလင်းရေးအတွက် ထင်းလောင်စာသုံး မီးစက်ဖြင့် ဆောင်ရွက်ပေးနေသည်မှာ အားရဖွယ်ပင်ဖြစ်သည်။

ရခိုင်ပြည်နယ်အတွင်းရှိ ငွမြို့နယ်ကား အေးချမ်းမှု၊တည်ငြိမ်မှု၊ စိုက်ပျိုးရေးအောင်မြင်မှု၊ငါးမွေးမြူရေးဖြစ်ထွန်းမှုများဖြင့် ဖွံ့ဖြိုးတိုးတက်ဝေစည်နေသောမြို့နယ်ဖြစ်ပါကြောင်း။ ။ **(မြန်မာ့အလင်း)**

ပြုပြင်ပြီး ဦးဥတ္တမလမ်းမကြီးကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

သတင်းပဒေသာ အတိုအထွာ

ရန်ကုန် မေ ၁၄

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား တင်းနစ်ပြိုင်ပွဲ

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ကကြီးမှူး၍ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား တင်းနစ်ပြိုင်ပွဲကို မေ ၂၀ရက်မှ ၂၅ရက်အထိ သိမ်ဖြူတင်းနစ်အားကစားကွင်း၌ ကျင်းပမည်ဖြစ်ရာ ပါဝင်ယှဉ်ပြိုင်လိုသူများသည် မေ ၁၈ရက် ညနေ၄နာရီနောက်ဆုံးထား၍ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ဖုန်း-၃၇၂၃၆၀သို့ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း ဟောပြောပွဲ

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းသည် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းအပြင် အသိပညာပြန့်ပွားရေးလုပ်ငန်းစဉ်တစ်ရပ်အနေဖြင့် ပညာရပ်ဆိုင်ရာ ဟောပြောပွဲများကို ကျင်းပလျက်ရှိရာ မေ ၁၆ရက် မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ Asia Plaza Hotel ၌ ဆရာမကြီး ဒေါ်တင်သန်းယုက ဟောပြောမည်ဖြစ်ရာ တက်ရောက်လိုသူများ ဖုန်း-၅၅၉၆၇၂ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်သည်။

လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း ဟောပြောပွဲ

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း ဟောပြောပွဲကို မေ ၃၁ရက် နံနက်၈နာရီတွင် ရန်ကုန်မြို့ သခင်မြပန်းခြံလမ်း အလုံမြို့နယ်ရှိ စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ မေ ၂၇ရက် နောက် ဆုံးထား၍ အသင်းရုံး ဖုန်း-၂၁၄၆၅၃ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်သည်။

စာပေဗိမာန်ဆုရဝတ္ထုကို ရုပ်ရှင်ရိုက်ကူးမည်

စာရေးဆရာလက်ာရီကျော်၏ စာပေဗိမာန်ဆုရ "ကြိုးကြာတောင်ပံခတ်သံ" အမည်ရှိ ဝတ္ထုကို ရုပ်ရှင်အဖြစ်ပြန်လည်ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။

ဗီယက်နမ်ပညာရေးအကြောင်း သိကောင်းစရာ

ဗီယက်နမ်နိုင်ငံ၏ Duy Tan တက္ကသိုလ်မှ ပါရဂူဘွဲ့အထိရယူနိုင်မည့် ပညာရေးသိကောင်းစရာ ဆွေးနွေးဟောပြောပွဲကို ရန်ကုန်နှင့်မန္တလေးမြို့များတွင် ကျင်းပမည်ဖြစ်ရာ ဇွန် ၆ရက်တွင် ရန်ကုန်မြို့ Park Royal Hotel တွင် နံနက် ၉နာရီခွဲမှ ၁၁နာရီခွဲအထိလည်းကောင်း၊ ဇွန် ၇ရက် နံနက်၁၀နာရီမှ မွန်းတည့်၁၂နာရီအထိ Sedona Hotel Mandalay တွင်လည်းကောင်း ဟောပြောမည်ဖြစ်ရာ ဦးဝင်းဖေမောင် ဒေသဆိုင်ရာကိုယ်စားလှယ် ဖုန်း-၀၉-၈၀-၂၂၇၄၃ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

ဒစ်ဂျစ်တယ်ကင်မရာ ဈေးရောင်းပွဲတော်

မြန်မာနိုင်ငံ ဓာတ်ပုံအသင်း၏ (၆)ကြိမ်မြောက် ဒစ်ဂျစ်တယ်ကင်မရာ ဈေးရောင်းပွဲတော်ကို မေ ၁၇ရက် မှ ၁၈ရက်အထိ နှစ်ရက်ကြာ ကျင်းပမည်ဖြစ်သည်။

ကမ္ဘာ့သွေးလှူရှင်များနေ့ ကျင်းပမည်

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက ကြီးမှူး၍ ပဉ္စမအကြိမ်မြောက် ကမ္ဘာ့သွေးလှူရှင်များနေ့ကို ဇွန်လအတွင်း ကချင်ပြည်နယ်၌ ကျင်းပသွားမည်ဟု သိရသည်။

နက္ခတ်ဗေဒင်ပညာ အခမဲ့သင်တန်းဖွင့်မည်

မြန်မာ့ရိုးရာ ဗေဒင်ပညာရပ်များနှင့် နက္ခတ်ဗေဒင်ပညာရပ်များ စနစ်တကျပြန့်ပွားတိုးတက်ရန် ရည်ရွယ်၍ မြန်မာ့ရိုးရာ နက္ခတ်ဗေဒင် ပညာသင်တန်းကို အခမဲ့ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ အသေးစိတ်အချက်အလက်များကို ဖုန်း-၅၆၂၆၆၈ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

သတင်းနည်းပညာနှင့် သိပ္ပံဘာသာရပ်ဆိုင်ရာ ပညာသင်ဆုများ လျှောက်ထားနိုင်

Taylor's University College နှင့် RMIT University သြစတြေးလျတို့မှ ပူးပေါင်းပို့ချ သင်ကြားလျက်ရှိသော 3+O Bachelor of Applied Science (Information Technology) နှင့် 3+O Bachelor of Applied Science(Computer Science)စသည့် ဘာသာရပ်များအတွက် Taylor's University-RMIT International Computing Scholarship ကို မြန်မာနိုင်ငံ အပါအဝင် နိုင်ငံတကာမှ ကျောင်းသားကျောင်းသူများ လျှောက်ထားရယူနိုင်ရာ လျှောက်ထားလိုသူများ ဖုန်း-၃၈၉၉၁၅သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

ပညာရပ်ဆိုင်ရာ ဟောပြောပွဲကျင်းပမည်

မြန်မာနိုင်ငံဗိသုကာအသင်းမှ စီစဉ်ကျင်းပသော ပညာရပ်ဆိုင်ရာဟောပြောပွဲ (၀၂/၂၀၀၉)ကို မေ ၁၆ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံ (လှိုင်တက္ကသိုလ်နယ်မြေဝင်း) 3rd Floor Function Hall တွင် ကျင်းပမည်ဖြစ်ရာ အသေးစိတ်သိလိုပါက မြန်မာနိုင်ငံဗိသုကာအသင်း အထွေထွေအတွင်းရေးမှူး ဒေါ်မိုးမိုးလွင် ဖုန်း-၀၉-၈၇-၆၃၅၀၀သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

စုစည်းတင်ပြသူ-ထိန်လင်း

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တို့ အင်္ဂပူမြို့နယ်၊ ကျွဲသောင်-ဇီးဖြူကုန်း ချောင်းကူးတံတားသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးကြစဉ်။ (နယ်စပ်/စည်ပင်)

ဧရာဝတီတိုင်း၌ လမ်း၊ တံတား၊ ကျောင်းများဖွင့်ပွဲအခမ်းအနားများသို့ တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေနှင့် ဝန်ကြီးများတက်ရောက်

ရန်ကုန် မေ ၁၄

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တို့သည် မေ ၁၂ရက်တွင် အင်္ဂပူမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးသွားသော အင်္ဂပူမြို့နယ် ခြောက်ရွာ-ကျွဲသောင် မြေသားလမ်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ အင်္ဂပူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ဦးက လမ်းနှင့်စပ်လျဉ်းသည်များကိုရှင်းလင်းတင်ပြပြီးဒေသခံပြည်သူများကိုယ်စား ခြောက်ရွာကျေးရွာနေ ဦးအောင်ဌေးဝင်းက လမ်းဖြစ်မြောက်အောင် ဆောင်ရွက်ပေးခဲ့မှုအပေါ် ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ဦးနှင့် ရပ်မိရပ်ဖ ဦးမြတ်စိုးတို့ ခြောက်ရွာ-ကျွဲသောင် မြေသားလမ်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးများနှင့်အဖွဲ့သည် ခြောက်ရွာ-ကျွဲသောင် မြေသားလမ်းနှင့် ကျောက်ချောလမ်းသစ် ဖောက်လုပ်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုသည်။

အဆင့်မြှင့်တင်

အဆိုပါ ခြောက်ရွာ-ကျွဲသောင် မြေသားလမ်းသည် အရှည် ၄မိုင် ၁ ဖာလုံ၊ အကျယ် ၁၈ပေရှိပြီး ရန်ပုံငွေဖြင့် မြေသားလမ်းဖောက်လုပ်ပြီးစီးပြီဖြစ်ကာ ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်နေသည့် လမ်းဖြစ်သည်။

ချောင်းကူးတံတားသစ်

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးများနှင့် အဖွဲ့သည် အင်္ဂပူမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သည့် ကျွဲသောင်-ဇီးဖြူကုန်း ချောင်းကူးတံတားသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ အင်္ဂပူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ဦးက ချောင်းကူးတံတားနှင့်စပ်လျဉ်းသည်များကို ရှင်းလင်းတင်ပြပြီး ဒေသခံပြည်သူများကိုယ်စား ကျွဲသောင်ကျေးရွာနေ ဦးအေးလွင်က ချောင်းကူးတံတားဖြစ်မြောက်အောင် ဆောင်ရွက်ပေးခဲ့မှုအပေါ် ကျေးဇူးတင်စကားပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ရပ်မိရပ်ဖတစ်ဦးတို့က ကျွဲသောင်-ဇီးဖြူကုန်း ချောင်းကူး တံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တိုင်းမှူး၊ ဝန်ကြီးများနှင့်အဖွဲ့သည် ကျွဲသောင်-ဇီးဖြူကုန်းချောင်း ကူးတံတားကို ဖြတ်သန်းကြည့်ရှု စစ်ဆေးကြသည်။

အဆိုပါ ချောင်းကူးတံတားသည် အရှည် ၁၆၅ပေ၊ အကျယ် ၁၀ပေ၊ အမြင့် ၁၂ပေရှိ သစ်သားတံတားဖြစ်သည်။

တက်ရောက်

ယင်းနောက် တိုင်းမှူးနှင့်ဝန်ကြီးများသည် အင်္ဂပူမြို့နယ် ကျွဲသောင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း (ခွဲ)က ပညာရေးဝန်ကြီးဌာနသို့ ကျောင်းဆောင်များ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ခရိုင်/မြို့နယ်ပညာရေးမှူးနှင့် ရပ်မိရပ်ဖတစ်ဦးတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ၊ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်တို့က အမှာစကား ပြောကြားကြသည်။

လွှဲပြောင်းပေးအပ်

ယင်းနောက် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင် ဦးစိုးအောင်နှင့် ဦးအေးလွင်တို့က ကျောင်းဆောင်သစ်နှင့်စပ်လျဉ်းသည့်စာရွက်စာတမ်းများကို ဧရာဝတီတိုင်း ပညာရေးမှူး ဦးခင်မောင်ရီထံ လွှဲပြောင်းပေးအပ်ကြသည်။

ဆက်လက်၍ ပညာရေး ငွေပဒေသာပင်အတွက် အလှူရှင်၊ တိုင်းမှူးနှင့် ဝန်ကြီးများက လှူဒါန်းငွေ ကျပ် ၁၆ သိန်းနှင့် ဗီဝဘက်ထရီ ငါးစုံတို့ကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ကျောင်းဆောင်သစ်နှင့်စပ်လျဉ်းသည်များကို ဒေါ်သန်းသန်းခိုင်က ရှင်းလင်းတင်ပြပြီး ကျောင်းဆောင်သစ် တည်ဆောက်ပေးခြင်းအပေါ် တိုင်းပညာရေးမှူး ဦးခင်မောင်ရီနှင့် ကျွဲသောင်ကျေးရွာမှ ရပ်မိရပ်ဖ ဦးညွန့်လွင်တို့က ကျေးဇူးတင်စကား ပြောကြားကြသည်။

ရှင်းလင်းပြသ

ဆက်လက်၍ စည်ပင်သာယာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်(အင်ဂျင်နီယာ) ဦးစိုးကိုကိုက ကျေးရွာတိုင်း မီးလင်းရေးအတွက် ဗီဝဘက်ထရီ တပ်ဆင်အသုံးပြုမှုများကို ရှင်းလင်းပြသသည်။

အဆိုပါကျောင်း(ခွဲ)မှာ အလျား ပေ ၁၂၀၊ အနံ ပေ ၃၀ရှိ အုတ်ညှပ် တစ်ထပ်ဆောင် နှစ်ဆောင်၊ အလျား ပေ ၆၀၊ အနံ ပေ ၃၀ရှိ အုပ်ညှပ် တစ်ထပ်ဆောင်နှစ်ဆောင်၊ အလျား ပေ ၅၀၊ အနံ ၃၂ပေရှိ အုတ်ညှပ် နှစ်ထပ်တစ်ဆောင်တို့ဖြစ်သည်။

ကတ္တရာလမ်း

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်သည် ဇလွန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးသွားသော ဇလွန်မြို့ မြို့ပတ်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ဇလွန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်ဇော်ဝင်းက လမ်းနှင့်စပ်လျဉ်းသည်များကို ရှင်းလင်းတင်ပြပြီး ဒေသခံပြည်သူများကိုယ်စား ဇလွန်မြို့နေ ဒေသခံပြည်သူ ဦးလှဦးက ကတ္တရာလမ်းဖြစ်မြောက်အောင် ဆောင်ရွက်ပေးခဲ့မှုအပေါ် ကျေးဇူးတင်စကားပြောကြားသည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ မြို့ပတ်လမ်း ကတ္တရာလမ်းသစ်အား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးမြင့်သိန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်ဇော်ဝင်းနှင့် မြို့မိမြို့ဖ ဦးစန်းမောင်တို့က မြို့ပတ်လမ်း ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မြို့ပတ်လမ်း ကတ္တရာလမ်းသစ် တစ်လျှောက်ကို လှည့်လည်ကြည့်ရှုကြသည်။

ကတ္တရာလမ်းသစ်

အဆိုပါ မြို့ပတ်လမ်း ကတ္တရာလမ်းသစ်သည် အရှည် ပေ ၄၈၀၀၊ အကျယ် ၁၅ပေရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းဇော်မြင့်အား ယင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင် ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

The Live News ဂျာနယ် အမှတ်(၁၂၉)ထုတ်ဝေဖြန့်ချိ

ရန်ကုန် မေ ၁၄

ယခုအပတ်ထုတ် The Live News ဂျာနယ် အမှတ်(၁၂၉)တွင် ဆင်ဖြူကျွန်းအောင်သိန်း၏ ထူးဆန်းသောသူခိုးများ၊ မြင်းမူမောင်နိုင်မိုး၏ မကောင်းခြောက်ဖြာမှတ်စရာ၊ နီမင်းဆွေ၏ Slumdog Millionaire အိမ်နောက်ဖေးက သန်းကြွယ်သူဌေး၊ ကိုကိုလှိုင်၏ တစ်ကျော့ပြန်ဂျော်ဂျီယာ၊ မောင်မြတ်မွန်(ဆူးလေ)၏ ရန်ကုန်မြို့ကြီးရဲ့ သမိုင်းထဲကအခြေခံအဆောက်အအုံရဲ့ မူလဘူတ 'မြေ' သမိုင်းကြောင်း(၇)၊ အိန္ဒိယအမည်တွေနဲ့ မြေကွက်များ၊ အောင်လျှမ်းဝေ၏ လွမ်းဌွေ့မပြေချယ်ရီမြေ(နောက်ဆုံးပိုင်း)၊ ကြိုင်လျှမ်း၏ ပင်လယ်ပျော် သင်္ဘောသား အင်္ဂလိပ်စကား၊ အာရှမိုး၏ တစ်ကမ္ဘာလုံးစီးပွားရေးပျက်သုဉ်းဆုံးရှုံးမှု ဒေါ်လာ ၄ထရီလီယံရှိကြောင်း ကမ္ဘာ့ဘဏ်က ထုတ်ပြန်၊ မိုး(ပျဉ်းမနား)၏ နီးနီးဝေးဝေး၊ တရုတ်နိုင်ငံနှင့် လွတ်လပ်စွာ ကုန်သွယ်မှုစာချုပ် ချုပ်ဆိုရန် ဂျပန်ဝန်ကြီးချုပ် ကမ်းလှမ်း၊ အနောက်ဥရောပနှင့်အမေရိကန်တွင် လက်ထပ်စာချုပ်အတုဖြင့် လူဝင်လူထွက်ကိစ္စ ဆောင်ရွက်မှုခေတ်စားနေ၊ ဆွပ်တောင်ကြားမှ ဒေသခံများအား ဘေးကင်းရာသို့ထွက်ခွာရန် ပါကစ္စတန်အစိုးရ နှိုးဆော်ထား၊ ကမ္ဘာ့အခန့်ညားဆုံးပုဂ္ဂိုလ် ၁၀၀စာရင်းတွင် မီရှယ်လီအိုဘားမား ဖော်ပြခံရ၊ ရောဂါနာမည်ပေးရေးစီးချင်းထိုးပွဲ၊ စန္ဒီမြင့်လွင်က သူ့ဘဝမှာ အနုပညာက အဓိကပါတဲ့၊ ကိုရီးယားဇာတ်လမ်းတွဲ 'ကျေးဇူးတင်ပါတယ်' အပိုင်း(၁၀၊၁၁)၊ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင်စသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာ ကဏ္ဍများဖြင့် ဝေဝေဆာဆာတင်ဆက်ထားသည်။

The Live News ဂျာနယ်အား အပတ်စဉ် စနေနေ့တိုင်း ဖတ်ရှုသူအိမ်အရောက်ပို့ပေးရန်စီစဉ်ထားရာ လစဉ်ကြေးဖြင့်ဖတ်ရှုလိုသူများ သုံးလ ၁၃စောင် ကျပ် ၅၈၅၀၊ ခြောက်လ ၂၆စောင် ကျပ် ၁၁၇၀၀နှုန်းထားများဖြင့် ရွှေပြည်စိုး စာပေတိုက်အမှတ် ၃၁၀ အခန်း ၀၀၄ ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅နှင့် Market Care(Distribution Service)အမှတ် ၅၅(ပထမထပ်) ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၃၉၇၃၊ ၀၉-၅၀၀၈၀၄၇ တို့သို့ မှာယူဖတ်ရှုနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

စာအုပ်
စာပေ
လှူမိတ်ဆွေ

ထွန်းဖောင်ဒေးရှင်းဘဏ် ပညာသင်ထောက်ပံ့ကြေးဆုရရှိသူများစာရင်း ထုတ်ပြန်ကြေညာ

ရန်ကုန် မေ ၁၄

ထွန်းဖောင်ဒေးရှင်းဘဏ်လီမိတက် ပညာသင်ထောက်ပံ့ကြေးဆု ရွေးချယ်ရေးကော်မတီက ၂၀၀၈-၂၀၀၉ ပညာသင်နှစ်အတွင်း ပထမနှစ်သင်တန်းသို့ တက်ရောက်ပညာသင်ကြားလျက်ရှိသည့် တက္ကသိုလ်အသီးသီးမှ ကျောင်းသား ကျောင်းသူများအား ပထမနှစ်မှ ဘွဲ့ရသည်အထိ ပညာသင်ထောက်ပံ့ကြေးဆု ချီးမြှင့်ရန် ရွေးချယ်လိုက်ကြောင်း ထုတ်ပြန်ကြေညာသည်။

ချီးမြှင့်မည်

ယင်းတို့မှာ ရန်ကုန်ဆေးတက္ကသိုလ်(၁)မှ မဇင်မာဖို(ဘ)ဦးခင်မောင်ဇင်၊ ရန်ကုန်ဆေးတက္ကသိုလ်(၂)မှ မောင်အောင်လင်း (ဘ)ဦးမိုးလွင်၊ မောင်ဇေယျာအောင် (ဘ)ဦးရဲဝင်းနိုင်၊ မခိုင်စန္ဒီဝင်း(ဘ)ဦးဝင်းလှိုင်၊ မရည်ချိုနှင်း(ဘ)ဦးသိန်းမြင့်၊ မန္တလေးဆေးတက္ကသိုလ်မှ မနန်းဖြိုးဖြိုးသန့် (ဘ)ဦးတင်ဦး၊ မောင်မြတ်နိုးဦး (ဘ)ဦးသိန်းယု၊ မကွေးဆေးတက္ကသိုလ်မှ မအေးကြည်ဖြူ (ဘ)ဦးမြင့်စိုး၊ မဖြိုးသဉ္ဇာခင် (ဘ)ဦးဖြိုးသုခ၊ မောင်အောင်သီဟ(ဘ) ဦးမြင့်ဝေ၊ မစောအိန္ဒြာ (ဘ)ဦးစိန်နု၊ မအိအိသဲ (ဘ)ဦးမြဝင်းညွန့်၊ မောင်ဇော်ထက်အောင်(ဘ)ဦးမြင့်သိန်း၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)မှ မောင်ထင်လင်းကျော် (ဘ) ဦးကျော်သောင်း၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(မန္တလေး)မှ မောင်ထင်ကျော်တိုး (ဘ)ဦးမျိုးတင့်တို့အား လစဉ်ငွေကျပ် ၅၀၀၀၀စီကိုလည်းကောင်း၊ ရန်ကုန်နည်းပညာတက္ကသိုလ်(လှိုင်သာယာမှ) မမြနန္ဒာအောင်(ဘ)ဦးသာအောင်၊ နည်းပညာတက္ကသိုလ်(သန်လျင်)မှ မသဲမြတ်နိုးဝင်း(ဘ)ဦးငွေဝင်း၊ နည်းပညာတက္ကသိုလ်(ပြည်)မှ မောင်ရန်ရှင်းအောင် (ဘ)ဦးဇော်ဇော်အောင်၊ နည်းပညာတက္ကသိုလ်(ဟင်္သာတ)မှ မချိုသူဇာလွင် (ဘ)ဦးလှမောင်၊ အစိုးရစက်မှုလက်မှုသိပ္ပံ(ရမည်းသင်း)မှ မောင်အာကာထက်နိုင်(ဘ)ဦးမျိုးနိုင်ဦး၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ မအိမွန်ဦး(ဘ) ဦးဝင်းဦးလွင်၊ မဆုလတ်မွန် (ဘ)ဦးမွန်စိန်အောင်၊ မဇာဇာမျိုး (ဘ)ဦးဌေး၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်မှ မခင်ပိုပိုလွင် (ဘ)ဦးမြင့်လွင်၊ မုံရွာစီးပွားရေးတက္ကသိုလ်မှ မရွှေရည်ဝင်း (ဘ)ဦးအောင်မင်း၊ ရန်ကုန်ပညာရေးတက္ကသိုလ်မှ မနှင်းအိဝင်း(ဘ)ဦးကျော်မင်း(ခ)ဦးကျော်ဌေး၊ မယဉ်ယဉ်အေး(ဘ)ဦးမျိုးဝင်း၊ မသွယ်သွယ်အောင် (ဘ)ဦးမြင့်စိုး၊ စစ်ကိုင်းပညာရေးတက္ကသိုလ်မှ မထက်ထက်အေးငြိမ်း(ဘ)ဦးစိုးမြင့်၊ မောင်မျိုး(ဘ) ဦးစိုးမြင့်တို့အား ငွေကျပ် ၄၀၀၀၀စီကိုလည်းကောင်း၊ ဒဂုံတက္ကသိုလ်(ရန်ကုန်)မှ မခင်ယုဇနတင်ထွန်း(ဘ)ဦးတင်ထွန်း၊ မောင်ရာဇာချမ်းမြေ့(ဘ)ဦးမြဝင်း၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်မှ မောင်သက်ဖူး(ဘ)ဦးတင့်၊ ရတနာပုံတက္ကသိုလ်(မန္တလေး)မှ မမြင့်သန္တာဦး (ဘ)ဦးမြင့်ဦး၊ မကွေးတက္ကသိုလ်မှ မဖြိုးဝေအောင် (ဘ)ဦးအောင်ကျော်စန်း၊ မုံရွာတက္ကသိုလ်မှ မထက်ထက်အောင်(ဘ)ဦးစံထွန်း၊ မမေဇင်ဝင်း(ဘ)ဦးဝင်းတင်သိန်း၊ ပဲခူးဒီဂရီကောလိပ်မှ မရည်ဖြိုးသွယ်(ဘ)ဦးထင်ကျော်၊ ပြည်တက္ကသိုလ်မှ မဇူပန်မို(ဘ)ဦးဇေယျ၊ ဟင်္သာတတက္ကသိုလ်မှ မဆုမြတ်နိုးလွင် (ဘ)ဦးဇော်လွင်၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ မောင်ဇင်မင်းစိုး (ဘ)ဦးစိုးလှိုင်၊ မဖြူဖြူဦး (ဘ)ဦးသက်ဦး၊ မောင်အုပ်ထွေးသန်း (ဘ)ဦးရွှေအုပ်၊ မဖြူပြာခိုင် (ဘ) ဦးဘိုဆွေ၊ မနွယ်နွယ်စိုး (ဘ)ဦးရဲလွင်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်မှ မောင်စိုင်းစည်သူအောင် (ဘ)ဦးနိုင်ဝင်း၊ မဖြိုးအိအိစံ (ဘ)ဦးစိုးနိုင်၊ မသန္တာဝင်း(ဘ)ဦးမောင်ဝင်းတို့အား ငွေကျပ် ၃၀၀၀၀ စီကိုလည်းကောင်း ပညာသင်ထောက်ပံ့ကြေးဆု ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

ဆက်သွယ်

ပညာသင်ထောက်ပံ့ကြေးဆုရရှိသူ ကျောင်းသား ကျောင်းသူများသည် ပညာသင်ထောက်ပံ့ကြေးထုတ်ယူနိုင်ရန်အတွက် သက်ဆိုင်ရာတက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ် သို့မဟုတ် မော်ကွန်းထိန်း၏ ထောက်ခံချက်မူရင်းဖြင့် ထွန်းဖောင်ဒေးရှင်းဘဏ်လီမိတက် (ရုံးချုပ်) အမှတ်(၁၆၅/၁၆၇) ဗိုလ်အောင်ကျော်လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၈၀၂၄၂၊ ၃၈၀၂၄၅တို့သို့ အမြန်ဆုံးဆက်သွယ်ရန်နှင့် ရန်ကုန်၊ မှော်ဘီ၊ လှိုင်သာယာနှင့် ဒဂုံမြို့နယ်များရှိ တက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများသည် ပါမောက္ခချုပ် သို့မဟုတ် မော်ကွန်းထိန်းထောက်ခံချက်နှင့် ကျောင်းသားကတ်မူရင်းတို့ဖြင့် လူကိုယ်တိုင် လာရောက်ဆက်သွယ်ရန် သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

ရွှေဘိုခရိုင်အတွင်း နွေစပါးအောင်မြင်ဖြစ်ထွန်းမှု တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၄

စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် ဧပြီ ၂၉ရက်တွင် ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်၊ ခင်ဦးမြို့နယ်၊ ရေဦးမြို့နယ်၊ ရွှေဘိုမြို့နယ်နှင့် ဝက်လက်မြို့နယ်များ၏ နွေစပါးအောင်မြင်ဖြစ်ထွန်းမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ (ဝဲပုံ)

ရှေးဦးစွာ တိုင်းမှူးသည် ဒီပဲယင်းမြို့နယ် အေးသာယာကျေးရွာအနီးရှိ တောင်သူ ဦးဝင်းလေး၏ ရက်၉၀စပါးအမျိုးအစား စိုက်ဧက စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းမှု၊ ရေဦးမြို့နယ် မုတ်စီကျေးရွာ ပန်းတိုင်အထွက်တိုးဧရိယာရှိ တောင်သူ ဦးအိမ်ကြီးမောင်၏ ရွှေဘို(၁)စပါးမျိုး နွေစပါးအောင်မြင်ဖြစ်ထွန်းမှု၊ ခင်ဦးမြို့နယ် မြို့သစ်ကျေးရွာ တောင်သူဦးအောင်မြင့်၏ ဆင်းနွယ်ရင် စပါးမျိုး စိုက်ဧကအတွင်း ဓာတ်မြေဩဇာကျဲပက်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထောက်ပံ့

တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် ဒီပဲယင်းမြို့နယ်၊ ခင်ဦးမြို့နယ်၊ ရေဦးမြို့နယ်၊ ရွှေဘိုမြို့နယ်နှင့် ဝက်လက်မြို့နယ်တို့ရှိ ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ဇီဝဘက်ထရီပြုလုပ်အသုံးချမှု အခြေအနေများကို ရှင်းလင်းပြသပြီး နမူနာအဖြစ်ပြုလုပ်အသုံးချနိုင်ရန် ဇီဝဘက်ထရီများကို ဒေသခံများထံသို့ ပေးအပ်ထောက်ပံ့သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးသည် ရွှေဘိုမြောင်းမတော်သို့ရောက်ရှိပြီး ကာဘိုးဆည်ရေအား ရွှေဘိုမြောင်းမတော်မှတစ်ဆင့် နွေစပါးစိုက်ဧရိယာများသို့ ရေပေးသွင်းနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ၂၀၀၈-၂၀၀၉ခုနှစ် အတွက် ရွှေဘို ခရိုင်အတွင်း နွေစပါးလျာထားစိုက်ဧက ၃၃၃၀၀၀၊ ယနေ့အထိစိုက်ပြီး ၃၅၂၇၃၇ဧက ဖြစ်ကြောင်းနှင့် စစ်ကိုင်းတိုင်း တစ်တိုင်းလုံး၏ နွေစပါးလျာထားစိုက် ဧက ၄၃၀၀၀၀ ဖြစ်ပြီး ယနေ့အထိ စိုက်ပြီး ၄၅၀၅၂၇ ဧက ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

* *ရှေ့ဖုံးမှ*

ကျေးရွာ တွဲဖက်အခြေခံပညာအထက်တန်းကျောင်းနှင့် အခြေခံပညာ မူလတန်းကျောင်းများအတွက် စာအုပ်နှင့် စာရေး ကိရိယာများကိုလည်းကောင်း တာဝန်ရှိသူများထံ ပေးအပ်ကြသည်။

ထိုမှတစ်ဆင့် ဖားကန့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ရောက်ရှိပြီး ဥရုရတနာခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များအား တွေ့ဆုံသည်။

ပေးအပ်

တွေ့ဆုံပွဲတွင် ဒုတိယဗိုလ်ချုပ်ကြီးသာအေးနှင့် တိုင်းမှူးတို့က မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများအတွက် ဘိုင်အိုဘက်ထရီနှင့် ဆက်စပ်မီးချောင်းများ၊ အခြေခံပညာ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းများအတွက် စာအုပ်နှင့် စာရေးကိရိယာများကို တာဝန်ရှိသူများထံ ပေးအပ်ကြသည်။

ဆက်လက်၍ ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာ ရှင်းလင်းဆောင်၌ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ဆိပ်မူကျေးရွာ ရေလွှမ်းမိုးမှု ကာကွယ်ရေးအတွက် ဇော်ခါချောင်းနှင့်ဥရုချောင်း ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးသာအေးက နည်းစနစ်မှန်ကန်စွာဖြင့် စေတနာထားဆောင်ရွက်ကြရန် မှာကြားသည်။

မှာကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးနှင့်အဖွဲ့ဝင်များသည် ဖားကန့်မြို့နယ် နမ့်မော်ကျေးရွာရှိ တန် ၃၀၀၀ ကျော် ကျောက်စိမ်းမြေအောက်ပြတိုက် ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ပြတိုက်တာဝန်ခံလက်ထောက်ညွှန်ကြားရေးမှူးက ကျောက်စိမ်းကြီးနှင့် စပ်လျဉ်းသည့် အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည်ကျောက်စိမ်းမြေအောက်ပြတိုက်အတွင်းလိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဟောင်ပါးကျေးရွာအုပ်စု တာမခံတိုက်နယ်ဆေးရုံ၌ တိုက်နယ်ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများ၊ ကျေးရွာ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့်ဒေသခံပြည်သူများအားတွေ့ဆုံရာ တိုက်နယ်ဆေးရုံ လက်ထောက်ဆရာဝန်က ဆေးရုံနှင့် စပ်လျဉ်းသည့် အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ဆေးပဒေသာပင်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးက တာမခံကျေးရွာ တွဲဖက်အခြေခံပညာ အထက်တန်းကျောင်းအတွက် စာအုပ်၊ စာရေးကိရိယာများနှင့် တိုက်နယ်ဆေးရုံ ဆေးပဒေသာပင်အတွက် အလှူငွေများကိုလည်းကောင်း၊ တိုင်းမှူးက ကျေးရွာများအတွက် ဘိုင်အိုဘက်ထရီနှင့် ဆက်စပ်မီးချောင်းများ၊ ကျန်းမာရေးဝန်ကြီးဌာနက လှူဒါန်းသည့် ဆေးဝါးပစ္စည်းများကိုလည်းကောင်း တာဝန်ရှိသူများထံ ပေးအပ်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးက ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ကျေးရွာများ၏ လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဖားကန့်-ခန္တီးကားလမ်း ဖားလမုန်းတောင်သို့ ရောက်ရှိကြရာ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက ဖားကန့်-တာမခံ-ဖားလမုန်းလမ်းပိုင်းအား နှစ်အလိုက်လမ်းပိုင်းနှင့် လမ်းတစ်လျှောက်ရှိ တံတားများ တည်ဆောက်ပြုပြင်ခဲ့မှု အခြေအနေများကို လည်းကောင်း၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူက ဖားလမုန်း-ခန္တီး ၄၈ မိုင်အား နှစ်အလိုက် လမ်းပြုပြင်ထိန်းသိမ်းမှုအခြေအနေများနှင့်တံတားများ တည်ဆောက်ပြုပြင်ခဲ့မှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လမ်းအရှည်တည်တံ့ခိုင်မာအောင် ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို စေတနာထား ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်းနှင့် လုပ်ငန်းလိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားပြီး လမ်းပိုင်းအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးသာအေးနှင့်အဖွဲ့ဝင်များသည် ခန္တီးမြို့ မကျုန်ခကျေးရွာရှိ အကျိုးတူ ကျောက်စိမ်းတူးဖော်ရေးလုပ်ကွက်သို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ တာဝန်ခံက ကျောက်စိမ်း တူးဖော်ခြင်းလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် လိုအပ်သည်များကို မှာကြားကာ ဖားလမုန်း-ခန္တီးလမ်းပိုင်း အခြေအနေများကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှု စစ်ဆေးပြီး ညပိုင်းတွင် ခန္တီးမြို့သို့ ရောက်ရှိသည်။

(သတင်းစဉ်)

အပူဒဏ်အန္တရာယ် ကာကွယ်ရေးနှိုးဆော်ချက်

ယခုအခါတွင် နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီ ဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှုများပြားပါသည်။ ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ် စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်။

(၁) **နံနက် ၁၀နာရီမှ ညနေ ၅နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနားရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရ အေးမြသောနေရာများတွင်နေပါ။**

(၂) **နေပူထဲမှပြန်လာပြီး ချက်ချင်း ရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။**

(၃) **နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။**

(၄) **အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။**

(၅) **နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ။**

(၆) **အလင်းရောင်ပြန်သော အဖြူရောင်သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။**

(၇) **ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။**

(၈) **ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့် ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည် သောက်ပါ။**

(၉) **ကိုယ်အပူချိန်တက်ပါက ရေအေးဖတ်နိုင်နိုင်တိုက်ပါ။**

(၁၀) **ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။**

(၁၁) **မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။**

(၁၂) **အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာကျန်းမာရေးဌာနတွင် ပြသပါ။**

ကျန်းမာရေးဝန်ကြီးဌာန

"ဖော်ထုတ်ပြီး မြေကွက်အနေနဲ့ ကတော့ ၃၃၂ကွက် ရှိပါတယ်"

ဒေါက်တာဝင်းမြင့်
အတွင်းရေးမှူး
မွေးမြူရေးဇုန်
အကောင်အထည်ဖော်ရေး
ကြီးကြပ်မှုကော်မတီ

● *ရှေ့ဖုံးမှ*

တောင်ကြီးမြို့အဝင် ယာဘက်လမ်းခွဲ အေးသာယာစက်မှုဇုန်သို့ သွားရာ တောင်ပေါ်လမ်းတစ်လျှောက် ပြေပြစ်သောကတ္တရာလမ်းနှင့် ရှင်းသန့်နေမှုကို တွေ့ရသည်။ သဘာဝအလှေ့ကျ ပေါက်ရောက်နေသော ရောင်စုံပန်းများနှင့် တောတောင်များ၏ စိမ်းလန်းသောဝန်းကျင်အလှကလည်း စိတ်ကြည်နူးဖွယ်ရာပင်...။ မကြာမီပင် အေးသာယာစက်မှုဇုန်မှ နှစ်မိုင်ခန့်အကွာ ညောင်ရွှေမြို့သို့သွားသော ကားလမ်းဘေးအနောက်ဘက် တစ်ဖာလုံခန့်အကွာရှိ မွေးမြူရေးဇုန်မြေကွက်ဖော်ထုတ်သည့်ရုံးခန်း ရှင်းလင်းဆောင်သို့ ရောက်ရှိခဲ့ကြသည်။

ရုံးခန်းရှင်းလင်းဆောင်သို့ ရောက်ရှိပြီးနောက် မွေးမြူရေးဇုန်အကောင်အထည် ဖော်ရေးကြီးကြပ်မှုကော်မတီ၏ အတွင်းရေးမှူးဖြစ်သူ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးဒေါက်တာဝင်းမြင့်နှင့် တွေ့ဆုံကာ မြေကွက်ဖော်ထုတ်မှုနှင့် ပတ်သက်၍ သိလိုသည်များကို မေးမြန်းခဲ့ရာ ဤသို့ ရှင်းပြခဲ့ပါသည်-

မေး - ဆရာခင်ဗျား၊ အခုမွေးမြူရေးဇုန်မြေကွက်ဖော်ထုတ်ဖြစ်ခဲ့ပုံလေး ရှင်းပြပေးပါဦး။

"ကြက်နဲ့နွားကို မွေးမြူသွားမှာပါ"

ဒေါက်တာစိုင်းလုံ
လုပ်ငန်းရှင်

ဖြေ - မွေးမြူရေးဇုန် မြေကွက်ဖော်ထုတ်ဖြစ်ခဲ့တာကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း အသားကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်ကြီးမြို့ ပတ်ဝန်းကျင်မှာ မွေးမြူရေးဇုန်တစ်ခု ထူထောင်မွေးမြူဖို့ နိုင်ငံတော်အစိုးရ၏မူဝါဒနဲ့ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးရဲ့ တိုက်တွန်းချက်အရ ယခု တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ် တိလောကျေးရွာအုပ်စု မြေလွတ်မြေရိုင်း အကွက်မှာ ဖြစ်လာခဲ့တာပါ။

မေး - ဆရာခင်ဗျား၊ ဖော်ထုတ်မြေကွက်ကဘယ်လောက်ရှိပါသလဲ၊ ဘာတွေကို မွေးမြူမှာလဲ သိပါရစေ။

ဖြေ - ဖော်ထုတ်ပြီး မြေကွက်အနေနဲ့ကတော့ ၃၃၂ ကွက်ရှိပါတယ်။ ပုံမှန်မြေကွက် ၂၅၂ ကွက်နဲ့ ပုံမမှန်မြေကွက် ၈၀ ရှိပါတယ်။ ဖော်ထုတ်ပြီးမြေကွက်မှာ မွေးမြူမှာကတော့ ကြက်နဲ့နွားပါ။ ကြက်ကတော့အဓိကကျပါတယ်။

မေး - ဒီလိုမွေးမြူရေးဇုန် ထူထောင်ပြီးတဲ့အခါ ဘယ်လိုအကျိုးကျေးဇူး ရရှိနိုင်ပါ သလဲခင်ဗျာ။

ဖြေ - ဟုတ်ကဲ့၊ ဒီလိုမွေးမြူရေးဇုန် ထူထောင်လိုက်ခြင်းဖြင့် နိုင်ငံတော်မှာ အသား ကဏ္ဍထုတ်လုပ်မှု တိုးတက်လာပါမယ်။ တိုင်းရင်းသားလုပ်ငန်းရှင်တွေ အတွက်လည်း လုပ်ငန်းသစ်တွေပေါ်လာမှာမို့ ဒေသခံ အလုပ်သမားတွေအတွက် အလုပ်အကိုင် ပိုမိုရရှိလာပါမယ်။ ရရှိလာမယ့် အကျိုးကျေးဇူးကတော့ အများကြီးပါပဲ။

မေး - မြေကွက်လျှောက်ထားတဲ့လုပ်ငန်းရှင် ဘယ်နှစ်ဦးရှိပါသလဲ။ မြေကွက် အရေ အတွက်ကရော ဘယ်လောက်များလဲ သိပါရစေခင်ဗျာ။

ဖြေ - အခု မေ ၅ရက်အထိ မြေကွက်လျှောက်ထားသူပေါင်း ၈၂ဦး ရှိပါပြီ။ မြေကွက် အနည်းဆုံးတစ်ကွက်မှအများဆုံး၂၂ကွက်အထိ လျှောက်ထားသူတွေရှိပါတယ်။ လျှောက်ထားပြီး မြေကွက်က၂၉၉ကွက်ရှိပါတယ်။

မေး - ဆရာခင်ဗျား၊ ယခုမွေးမြူရေးဇုန်ဘယ်တော့လောက် အကောင်အထည်ပေါ်လာမှာလဲ ခင်ဗျာ။

ဖြေ - သိပ်မကြာတော့ပါဘူး၊ ဇုန်မြေကွက်အတွင်းမှာ လမ်းများဖောက်ခြင်းနဲ့ ပြုပြင် ခြင်းတွေရယ်၊ ချောင်းများမှ စီးဆင်းလာတဲ့ရေတွေကို ဆည်သို့မဟုတ် ကန်တည်ဆောက်ခြင်းတို့ ဆောင်ရွက်ပါမယ်။ ပြီးတော့ ဇုန်အတွင်း လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ပါမယ်။ ဒီနှစ်မကုန်ခင် စက်တင်ဘာ၊ အောက်တိုဘာလလောက်ဆိုရင် မွေးမြူရေးဇုန်တစ်ခုလုံး လုပ်ငန်းတွေ အကောင်အထည်ဖော် ဆောင်ရွက်လာနိုင်မှာပါ။

မေး - ဟုတ်ကဲ့ပါဆရာ၊ ဒီမွေးမြူရေးဇုန်ဖော်ထုတ်ပြီးရင် နောက်ထပ်ရော ဒီလိုဇုန်တွေ ဖော်ထုတ်ဦးမှာလား ခင်ဗျာ။

ဖြေ - ဒီမွေးမြူရေးဇုန်ပြီးတာနဲ့ နောက်ထပ်အသားကဏ္ဍတိုးတက်ဖို့အတွက် ထပ်မံဖော်ထုတ်ဖို့ရှိပါတယ်။

ဟုတ်ကဲ့၊ အခုလို ဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်ခင်ဗျာ။

မြေကွက်

မွေးမြူရေးဇုန် ဖော်ထုတ်မှုနှင့်ပတ်သက်၍ မွေးမြူရေးဇုန် အကောင်အထည် ဖော်ရေး ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဒေါက်တာဝင်းမြင့်အား သိလိုသည်များ မေးမြန်းပြီးနောက် ဆက်လက်၍ မွေးမြူရေးဇုန် မြေကွက်လျှောက်ထားသူများထံမှ လုပ်ငန်းရှင်တစ်ဦးကိုလည်း သိလိုသည်များ မေးမြန်းခဲ့ပါသည်။

မေး - ဆရာ့နာမည် ဘယ်လိုခေါ်ပါသလဲ၊ ဒီမှာ မြေကွက် ဘယ်နှစ်ကွက် လျှောက်ထားလဲ သိပါရစေ။

ဖြေ - ဟုတ်ကဲ့၊ ကျွန်တော့်နာမည် ဒေါက်တာစိုင်းလုံပါ။ ဒီမွေးမြူရေးဇုန်မှာ မြေကွက် ၂၂ကွက် လျှောက်ထားပြီးပါပြီ။

မေး - ဒါဆိုရင် ဒီမှာ မြေကွက်အများဆုံးလျှောက်ထားတာ ဆရာပေါ့။

ဖြေ - ဟုတ်ပါတယ်၊ မြေကွက်၂၂ကွက် လျှောက်တာ ကျွန်တော်တစ်ဦးတည်းပါ။

မေး - ဘာတွေကို မွေးမြူမှာလဲ ခင်ဗျာ။

ဖြေ - ကြက်နဲ့နွား မွေးမှာပါ၊ အဓိကကတော့ ကြက်ပေါ့။ ကြက်ကို တစ်ဧကအကောင် ၅၀၀၀ လောက်မွေးမှာပါ။ ဥစားကြက်ကို မွေးပါမယ်။

မေး - ဒါဆိုရင် ထွက်လာတဲ့ကြက်ဥကို ဘယ်လိုဖြန့်ချိပို့ဆောင်မှာလဲ ခင်ဗျာ။

ဖြေ - ထွက်ရှိလာတဲ့ကြက်ဥတွေကို နေပြည်တော်ရယ်၊ မန္တလေးနဲ့ ရန်ကုန်ကို ပို့ဆောင်မှာပါ။ ဒေသတွင်းမှာလည်း ဖူလုံအောင် ဖြန့်ဝေပေးမှာပါ။

ဤကဲ့သို့ မွေးမြူရေးကဏ္ဍနှင့် ပတ်သက်၍ နိုင်ငံတော်အတွင်း စားနပ်ရိက္ခာဖူလုံမှုရှိစေရန် တိုင်းရင်းသားလုပ်ငန်းရှင်များ၏ တစ်ဖက်တစ်လမ်းမှ ကြိုးစားဆောင်ရွက်နေမှုကို အားရဖွယ် ကြားသိခဲ့ရပါသည်။

ထောက်ကူ

လူသားတို့နေထိုင်မှုဘဝတွင် အသက်ဆက်ရှင်သန်ရေးအတွက် အစာအာဟာရ စားသုံးမှုသည် အရေးပါပေသည်။ နေ့စဉ်နှင့်အမျှ တိုးပွားလာသော လူဦးရေနှင့်အညီ စားသုံးမှုကဏ္ဍသည်လည်း တိုးမြင့်လာနိုင်ပေသည်။ သို့ဖြစ်ရာ လူသားတို့စားသုံးရန်အတွက် လိုအပ်သော စားနပ်ရိက္ခာဖူလုံရေးအတွက် မွေးမြူရေးကဏ္ဍမှရရှိသည့် ယခုကဲ့သို့ မွေးမြူရေးဇုန်များ ထပ်မံဖော်ထုတ်၍ ဆောင်ရွက်ပါမှ နိုင်ငံအတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံသည်များကို နိုင်ငံခြားဝင်ငွေရရှိရန် ရောင်းချခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း သတင်းခရီးအဖြစ် ကွင်းဆင်းလေ့လာ ရေးသားဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ကျောက်ပန်းတောင်းမြို့နယ် မြို့ဦးအောင်စေတီ၏ အထက်ဌာပနာတော်၌ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲကျင်းပ

နေပြည်တော် မေ ၁၄

မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် မြို့ဦးအောင်စေတီ၏ အထက်ဌာပနာတော်၌ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲကို မေ၉ရက် နံနက်ပိုင်းတွင် မြို့ဦးအောင်စေတီရင်ပြင်တော်ရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းနှင့်ဇနီး ဒေါ်ခင်ခင်ရီ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့် ဇနီး ဒေါ်ခင်သန်းဝင်းတို့ တက်ရောက်ကြည်ညိုပြီး စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို မင်္ဂလာရထားပျံဖြင့် စေတီတော်အထက်သို့ ပင့်ဆောင်ပူဇော်ကြသည်။

ရှေးဦးစွာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတေဇနိယထံမှ ဝန်ကြီး ဦးအောင်သောင်းနှင့်ဇနီး၊ ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့် ဇနီး၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသူရအောင်ကို၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်မြင့်စိုးနှင့် ဇနီး၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဇနီးများ၊ စေတီတော်ဖြစ်မြောက်ရေးကော်မတီဝင်များ၊ ကျောက်ပန်းတောင်းမြို့ပေါ်ရပ်ကွက် ကျေးရွာမှ အလှူရှင်များနှင့် ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် မိသားစုဝင်များက စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

အမျှပေးဝေ

ယင်းနောက် ဝန်ကြီးများနှင့်ပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် မိသားစုဝင်များ ဦးဆောင်၍ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ဌာပနာတော်များနှင့် အရံစေတီများ၏ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်များကို ပင့်ဆောင်ကာ စေတီတော်ကို လက်ယာရစ်တစ်ပတ်လှည့်လည်ပူဇော်ကြသည်။

ထို့နောက် ရွှေထီးတော်ဘုံအဆင့်ဆင့်ကို တင်လှူပူဇော်ကြသည်။

ပင့်ဆောင်ပူဇော်

ယင်းနောက် ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မိသားစုဝင်များ၊ အလှူရှင်ပြည်သူများနှင့် တာဝန်ရှိသူများက မင်္ဂလာရထားပျံဖြင့် စေတီတော်အထက်သို့ ပင့်ဆောင် ပူဇော်ကြသည်။

အမွှေးနံ့သာရည်ပက်ဖျန်း

ဆက်လက်၍ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို ဝန်ကြီး ဦးအောင်သောင်း၊ ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့် တာဝန်ရှိသူများက စေတီတော်အထွတ်တွင် တင်လှူပူဇော်ပြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်ကို အမွှေးနံ့သာရည်ပက်ဖျန်းပူဇော်ကြကာ သာသနာ့အောင်လံတော်ကို လွှင့်ထူပူဇော်ကြသည်။

ယင်းအချိန်တွင် အလှူရှင်ပြည်သူများနှင့် တာဝန်ရှိသူများက အရံစေတီတော်များ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်များကို အရံစေတီများအထက်၌ တင်လှူပူဇော်ကြသည်။

ရွှေကြာသင်္ကန်းကပ်လှူ

ထို့နောက် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ရွှေငှက်ပျောဖူးတော်တွင် ရွှေကြာသင်္ကန်း ကပ်လှူပူဇော်ကြသည်။

ဆက်လက်၍ မြို့ဦးအောင်စေတီ၏ မုခ်ဝအသီးသီးရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် အလှူရှင်ပြည်သူများက ရွှေကြာသင်္ကန်းများ ကပ်လှူပူဇော်ကြပြီး သံဃာတော်အရှင်သူမြတ်များက ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြသည်။

ယင်းနောက် ခို၊ စာကလေးငှက်နှင့် ငါးများကို ဇီဝိတဒါနအဖြစ် ဘေးမဲ့လွှတ်ခဲ့ပြီး ကြွရောက်လာကြသော ဆရာတော်၊ သံဃာတော် ၁၀၈ပါးတို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဆင်းပွဲ အင်းစိန်မြို့နယ်ခရိုင်ရုံးတွင်ကျင်းပ

ရန်ကုန် မေ ၁၄

ရန်ကုန်မြောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(အင်းစိန်)နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်း၍ စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း (၁/၂၀၀၉)ဆင်းပွဲကို မေ ၁၃ရက် ညနေ ၃နာရီက ခရိုင်ရုံး ရုပ်/သံခန်းမ၌ ကျင်းပသည်။

တက်ရောက်

သင်တန်းဆင်းပွဲသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖြူဖြူနှင့် မြို့နယ်ဦးစီးမှူးများ၊ ဌာနဆိုင်ရာများ၊ သင်တန်းနည်းပြများ၊ သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုဆုချီးမြှင့်

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ဆွေက အမှာစကားပြောကြားပြီး သင်တန်းတွင် ထူးချွန်သူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ) (ခရိုင် ပြန်/ဆက်)

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မန္တလေးတိုင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ စစ်ကိုင်းတိုင်းနှင့် ရန်ကုန်တိုင်းတို့၌

တရားမဝင် အိမ်သုံးဆေးပြားများ၊ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် မေ ၁၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမူးယစ်အထူးအဖွဲ့မှ တာဝန်ရှိသူများသည် မေ၆ရက် နံနက်၇နာရီခန့်တွင် ဝမ်တာပင်းပူးပေါင်းစစ်ဆေးရေးဂိတ်၌ ယာဉ်မောင်း ဇော်လှိုင်ဝင်း မောင်းနှင်ပြီး ယာဉ်နောက်လိုက် ဝင်းကြိုင် လိုက်ပါလာသည့် ကျိုင်းတုံမှ မိုင်းလားသို့ ပြေးဆွဲသော ဟိုင်းလတ်အဖြူရောင်ယာဉ် ၆/၇၄၀၄ကို ရှာဖွေရာ ခေါက်ဆွဲဖာ နှစ်ဖာအတွင်းမှ ပလတ်စတစ်အိတ်ဖြင့် ထုပ်လျက် ထိုင်းနိုင်ငံလုပ် တရားမဝင် အိမ်သုံးဆေး Triprodrine, Triofed, Sulidine, Siam, Bated, Pomdma's, B, Sinysaid/ SPS, CO, GX/ CTZ, ML, P&U, MP တံဆိပ်ပါ ဆေးပြားထုပ် ၄၁ထုပ်ကို သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ကြောချက်အရ တရားမဝင်ဆေးပြားများပိုင်ရှင်မှာ တာချီလိတ်မြို့ ဟောင်လိတ်ရပ်ကွက်နေ စိုင်းပန်းရွှေဆိုသူဖြစ်ကြောင်း သိရကာ တရားခံများဖြစ်ကြသော ယာဉ်မောင်း ဇော်လှိုင်ဝင်းနှင့် ယာဉ်နောက်လိုက် ဝင်းကြိုင်တို့အား ဖမ်းဆီးစစ်ဆေးလျက်ရှိပြီး ကွင်းဆက်တရားခံ စိုင်းပန်းရွှေအား ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

မန္တလေးတိုင်း

ထို့အပြင် မန္တလေးတိုင်း မန္တလေးမူးယစ်(တောင်)မှ တာဝန်ရှိသူများသည် မေ၆ရက် ညနေ၄နာရီခွဲခန့်တွင် ပြည်ကြီးတံခွန်မြို့နယ် စက်မှု(၁)ရပ်ကွက် စံပြလမ်း အမှတ်-၂၇/၆၁ မှ ၆၆ကို ရှာဖွေရာ ပြည်ကြီးတံခွန်မြို့နယ် ၈ရပ်ကွက် အမှတ် (အ-၇/၁၀၇)နေ ကျော်ကျော်မောင်အား တွေ့ရှိရပြီး ၎င်း၏ ဆာလာအိတ်အတွင်းမှ Pseudoephedrine ဆေးကတ် ၂၂၅၀ကို သိမ်းဆည်းရမိခဲ့ကြောင်း၊ ကျော်ကျော်မောင်အား စစ်ကြောချက်အရ ဆေးပြားများအား တမူးမြို့ ရွှေပွင့်ဖြူဂိတ်စာရေး ကျော်ဇင်မြင့်မှ ရန်ကုန်မြို့ရှိ ဆေးဆိုင်တစ်ဆိုင်သို့ပို့ခိုင်း၍ သယ်ဆောင်လာခြင်းဖြစ်ကြောင်း သိရှိရသဖြင့် တရားခံ ကျော်ကျော်မောင်အား ဖမ်းဆီးစစ်ဆေးလျက်ရှိပြီး ကွင်းဆက်တရားခံများ ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)

ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းရဲစခန်းနှင့် တောင်ကြီးမူးယစ်အထူးအဖွဲ့တို့မှ တာဝန်ရှိသူများသည် မေ၇ရက် နံနက် ၁နာရီ ၁၅မိနစ်ခန့်တွင် ပင်လောင်းမြို့ ရေဦးကျေးရွာနေ မောင်ဖြစ်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ မောင်ဖြစ်နှင့် အတူ ဝမ်ရောက်စန်း၊ မတင်နွယ်တို့အား တွေ့ရှိရပြီး မတင်နွယ်အိပ်သည့် ခေါင်းအုံးအတွင်းမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၅၀နှင့် မူးယစ်ဆေးဝါးရောင်းချရ ငွေကျပ် ၂၀၀၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း၊ တရားခံ မောင်ဖြစ်၊ ဝမ်ရောက်စန်း၊ မတင်နွယ်တို့အား ဖမ်းဆီးစစ်ဆေးလျက်ရှိပြီး ကွင်းဆက် တရားခံများဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

စစ်ကိုင်းတိုင်း

အလားတူ စစ်ကိုင်းတိုင်း မုံရွာမူးယစ်အထူးအဖွဲ့မှ တာဝန်ရှိသူများသည် မေ ၈ရက် နံနက် ၁၀နာရီခွဲခန့်တွင် စစ်ကိုင်းမြို့ မြို့သစ်ရပ်ကွက်ရှိ စောညီနောင်လက်ဖက်ရည်ဆိုင်၌ စစ်ကိုင်းမြို့ ရေတွင်းကောင်းကျေးရွာနေ မြင့်အောင်အား ရှာဖွေရာ ၎င်း၏ လွယ်အိတ်အတွင်းမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၄၈၀ကို သိမ်းဆည်းရမိခဲ့ကြောင်း၊ မြင့်အောင်အား စစ်ကြောချက်အရ ယင်းဆေးပြားများအား တစ်ရွာတည်းနေ ကျော်ဝေမှ ပြန်လည်ရောင်းချရန်အတွက် ဝယ်ယူပေးခြင်းဖြစ်ကြောင်း သိရှိရသဖြင့် တရားခံ မြင့်အောင်နှင့် ကျော်ဝေတို့အား ဖမ်းဆီးစစ်ဆေးလျက်ရှိပြီး ကွင်းဆက်တရားခံများ ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်တိုင်း

ရန်ကုန်တိုင်း ရန်ကုန်(အရှေ့)မူးယစ် အထူးအဖွဲ့မှ တာဝန်ရှိသူများသည် မေ ၈ရက် ညနေ၃နာရီခွဲခန့်တွင် လသာမြို့နယ် ရပ်ကွက်(၃) လမ်း(၂၀) မ-၂၄(B) နေ သက်ခိုင်ဦး၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ သက်ခိုင်ဦး၊ စိန်ထွန်း(ခ)မောင်ဦးနှင့် အောင်မျိုးသန့်တို့အား WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၂၉ပြားနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့နှင့်အတူ တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ကြောချက်အရ အင်းစိန်မြို့နယ် ရွာမအရှေ့ရပ်ကွက် သီရိမင်္ဂလာလမ်းသွယ်(၁၃) အမှတ်-က/ ၂၃/၆နေ စိန်ထွန်း၏ နေအိမ်ကို ဆက်လက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀ကို ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း၊ တရားခံသက်ခိုင်ဦး၊ စိန်ထွန်းနှင့် အောင်မျိုးသန့်တို့အား ဖမ်းဆီးစစ်ဆေးလျက်ရှိပြီး ကွင်းဆက်တရားခံများ ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သိမ်းဆည်းရမိ

ထို့အတူ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမူးယစ်အထူးအဖွဲ့မှ တာဝန်ရှိသူများသည် မေ ၁၀ရက် ညနေ ၆နာရီခန့်တွင် ပင်လောင်းမြို့နယ် ရင်မီးမြို့ဝင်ဂိတ်၌ ယာဉ်မောင်း ကျော်စိုးမောင်းနှင်ပြီး ယာဉ်နောက်လိုက် သန်းနိုင်လိုက်ပါသည့် လွိုင်ကော်မှ ပင်လောင်းသို့ ပြေးဆွဲသော ဟိုင်းလတ်ယာဉ် ည/၅၂၄၇ ကို ရှာဖွေရာ ယာဉ်နောက်ခန်းတွင် စောင်များဖြင့် ဖုံးအုပ်ထားသည့် ပီနံအိတ်အတွင်းမှ တစ်ကီလိုခန့်ပါ ဘိန်းညိုမှုန့်ငါးထုပ်ကို သိမ်းဆည်းရမိခဲ့ကြောင်း၊ တရားခံယာဉ်မောင်း ကျော်စိုးနှင့် ယာဉ်နောက်လိုက် သန်းနိုင်တို့အား ဖမ်းဆီးစစ်ဆေးလျက်ရှိပြီး ကွင်းဆက်တရားခံများ ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝက်တုပ်ကွေးရောဂါ ကာကွယ်ရေး ပညာပေးဟောပြော

ကလေး မေ ၁၄

ကလေးခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ဝက်တုပ်ကွေးရောဂါကာကွယ်ရေး ပညာပေးဟောပြောပွဲကို မေ၂ရက် မွန်းလွဲ ၁နာရီခွဲက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခရိုင်ရုံး၌ ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးကြည်ဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမိုးဟိန်းနှင့် ဝန်ထမ်းများ၊ ဝက်မွေးမြူထုတ်လုပ်ရောင်းချသူများအသင်းနှင့် ဝက်သားရောင်းချသောလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ခရိုင်ဥက္ကဋ္ဌ ဦးကြည်ဝင်းက အမှာစကားပြောကြားပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဒေါက်တာမိုးမိုးခိုင်က ဝက်တုပ်ကွေးရောဂါ ကာကွယ်ရေး သိကောင်းစရာများ ဟောပြောသည်။ ဆက်လက်၍ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမိုးဟိန်းက ဝက်မွေးမြူရောင်းချခြင်းနှင့် ပတ်သက်၍ စည်းကမ်းတကျဆောင်ရွက်ရေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ကမ္ဘာ့သွေးတိုးရောဂါနေ့

၂၀၀၉ခုနှစ်၊ မေလ (၁၇) ရက်နေ့

Salt & High BP:2 Silent Killers

အငန်နှင့်သွေးတိုး၊ အသံတိတ် လူသတ်သမားနှစ်မျိုး

ကျန်းမာရေးဦးစီးဌာန

မူးယစ်ကင်းစင် အလှဆင်

ဆိပ်ဖြူ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း စက်ချုပ်သင်တန်းဖွင့်

ဆိပ်ဖြူ မေ ၁၄

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဆိပ်ဖြူမြို့ အမျိုးသမီး အိမ်တွင်းသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းတွင် မေ ၁၁ရက်က အခြေခံစက်ချုပ်သင်တန်း အမှတ်စဉ်(၇) သင်တန်းဖွင့်ပွဲကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်နိုင်က အဖွင့်အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ထွေးရီက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

တက်ရောက်

သင်တန်းဖွင့်ပွဲသို့ မြို့နယ်အဆင့်ဌာန ဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ တက်ရောက်ကြပြီး အဆင့်မြင့်စက်ချုပ်သင်တန်းသူ ၁၂ဦးနှင့် အခြေခံစက်ချုပ်သင်တန်းသူ ၆၃ဦး တက်ရောက်၍ သင်တန်းကာလမှာ ရက်သတ္တပတ် ၁၄ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ဗန်းမော်မြို့ အော်တိုအိတ်ချိန်းစက်ခန်းနှင့် D-AMPS ဆယ်လ်လူလာစနစ်စခန်းတို့ကို ကြည့်ရှုစစ်ဆေးစဉ်။ (ဆက်သွယ်ရေး)

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ရွှေကူမြို့နယ် ကျေးရွာများမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံ ကျေးရွာမီးလင်းရေး Bio Battery များ ပေးအပ်

နေပြည်တော် မေ ၁၄

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်စံထွန်းနှင့်အတူ မေ ၁၀ရက်က ရွှေကူမြို့ ငါးဘတ်ကြီးကျေးရွာသို့ရောက်ရှိပြီး ကျေးရွာခြောက်ရွာမှ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် ရင်းနှီးစွာတွေ့ဆုံ၍ ကျေးရွာမီးလင်းရေးအတွက် Bio Battery များ ပေးအပ်သည်။

ပေးအပ်

ဆက်လက်၍ ရွှေကူမြို့ မြို့နယ်ခန်းမ၌ မြို့နယ်မှတာဝန်ရှိသူများ၊ ကျေးရွာရှစ်ရွာမှ တာဝန်ရှိသူများ၊ အသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံပြီး မန်သာကျေးရွာ၌လည်း ကျေးရွာသုံးရွာမှ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ကျေးရွာပညာရေးနှင့် လမ်းပန်းဆက်သွယ်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ ကျေးရွာမီးလင်းရေးအတွက် Bio Battery များ ပေးအပ်သည်။

ထို့နောက် ဝန်ကြီးသည် ကုန်းတိန်ကျေးရွာနှင့် မန်စီမြို့တို့၌ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ မန်စီမြို့ ဒီဂျစ်တယ်အော်တိုအိတ်ချိန်းကို စစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးသည် မေ ၁၁ရက်တွင် ဗန်းမော်မြို့ အော်တိုအိတ်ချိန်းသို့ ရောက်ရှိပြီး အော်တိုအိတ်ချိန်းစက်ခန်းနှင့် D-AMPS ဆယ်လ်လူလာစနစ်စက်ခန်းတို့ကို ကြည့်ရှုစစ်ဆေးကာ ဗန်းမော်မြို့နယ် သိန်လင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

မှာကြား

ဝန်ကြီးသည် မေ ၁၂ရက်တွင် ဒုတိယဝန်ကြီး ဗိုလ်ချုပ်သိန်းထွန်းနှင့်အတူ မန္တလေးတိုင်း ပြင်ဦးလွင်မြို့အနီးရှိ ရတနာပုံမြို့သစ်စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ရတနာပုံတယ်လီပို့အစည်းအဝေးခန်းမ၌ တယ်လီပို့မှတာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နယ်စပ်ဒေသအိမ်တွင်းမှုသင်တန်းကျောင်းများ သင်တန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် မေ ၁၄

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ တနင်္သာရီတိုင်း မြိတ်မြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၏ အခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ်(၅၁)နှင့် အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ်(၂၂) သင်တန်းဖွင့်ပွဲကို မေ ၁၁ရက်က သင်တန်းကျောင်းခန်းမ၌ကျင်းပရာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး တက်ရောက်အမှာစကား ပြောကြားပြီး သင်တန်းဖွင့်ပွဲသို့ တိုင်း၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် သင်တန်းသူ ၄၅ဦးတို့ တက်ရောက်ကြသည်။

ဘားအံ

အလားတူ ကရင်ပြည်နယ် ဘားအံမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၏ အခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ်(၂၀)နှင့် အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ်(၁၇) သင်တန်းဖွင့်ပွဲကို မေ ၁၁ရက်က သင်တန်းကျောင်းခန်းမ၌ ကျင်းပရာ ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်း တက်ရောက် အမှာစကားပြောကြားပြီး ယင်းသင်တန်းများသို့ သင်တန်းသူ ၆၁ဦး တက်ရောက်ကြသည်။

ဟားခါး

ထို့အတူ ချင်းပြည်နယ် ဟားခါးမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၏ အခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ်(၄၀)၊ အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ်(၂၃)၊ သိုးမွေးစက်ဆွဲသင်တန်းအမှတ်စဉ်(၁၅)၊ ကနုကမာကျောက်စီပန်းချီသင်တန်းအမှတ်စဉ်(၁၄)နှင့် ရက်ကန်းသင်တန်းအမှတ်စဉ်(၁၄) သင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၁၁ရက်က သင်တန်းကျောင်းခန်းမ၌ကျင်းပရာ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်း တက်ရောက်အမှာစကား ပြောကြားပြီး ယင်းသင်တန်းများသို့ သင်တန်းသူ ၄၅ဦး တက်ရောက်ကြသည်။

အလားတူ တနင်္သာရီတိုင်း ကော့သောင်း၊ ရခိုင်ပြည်နယ်မောင်တော၊ ကရင်ပြည်နယ် မြဝတီ၊ ချင်းပြည်နယ် ဖလမ်း၊ တီးတိန်၊ မင်းတပ်၊ မတူပီ၊ ကန်ပက်လက်၊ မကွေးတိုင်း ပခုက္ကူ၊ ရေစကြို၊ မြိုင်၊ ပေါက်၊ ဆိပ်ဖြူ၊ စစ်ကိုင်းတိုင်း ယင်းမာပင်၊ ပုလဲ၊ ဆားလင်းကြီး၊ နာဂဒေသရှိ လေရှီး၊ လဟယ်နှင့် နန်းယွန်းမြို့များရှိ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများ၏ သင်တန်းဖွင့်ပွဲ အခမ်းအနားများကိုလည်း သက်ဆိုင်ရာ သင်တန်းကျောင်းအသီးသီးတွင် ကျင်းပခဲ့ကြောင်းနှင့် တက်ရောက်နေသည့် သင်တန်းသူများ အနေဖြင့် သင်တန်းကျောင်းသို့ အသွား၊ အပြန် ခရီးစရိတ်များ၊ နေထိုင်စားသောက်စရိတ်များ၊ သင်တန်းသုံးပစ္စည်းများမှာ အခမဲ့ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လူသတ်၊ လုယက်မှုကျူးလွန်သူအား ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှ ချက်ချင်းဖော်ထုတ် ဖမ်းဆီးရမိ

ရန်ကုန် မေ ၁၄

ရန်ကုန်မြို့ လှိုင်တက္ကသိုလ်ဝင်းအတွင်း၌ လူသတ်မှုကျူးလွန်ပြီး ထွက်ပြေးတိမ်းရှောင်နေသူ တရားခံအား ရန်ကုန်အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံးက နာရီပိုင်းအတွင်း သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။

ဖြစ်ပွားပုံမှာ မေ ၁၂ရက် နံနက် ၇နာရီခွဲတွင် လုံခြုံရေးဝန်ထမ်း ဦးမောင်မောင်သန်းသည် လှိုင်မြို့နယ် လှိုင်တက္ကသိုလ်ဝင်းဂိတ်(၁)သို့ရောက်ရှိပြီး တံခါးဖွင့်ရာ ဂိတ်ကင်းတဲအတွင်း ညလုံခြုံရေးတာဝန်ဆောင်ရွက်သူ ကျော်စွာဝင်း (၂၈နှစ်)မှာ ခုတင်ပေါ်၌ ဝဲဘက်နဖူးချိုင့်ဝင် ဒဏ်ရာ၊ ယာမျက်စိ ချိုင့်ဝင်ဒဏ်ရာတို့ဖြင့် သေဆုံးနေကြောင်း တွေ့ရှိရသဖြင့် အရေးယူပေးရန် လှိုင်ရဲစခန်းသို့ တိုင်တန်းခဲ့ကြောင်း သိရှိရသည်။

ဖမ်းဆီးရမိ

တရားခံအား အချိန်တိုအတွင်းဖော်ထုတ်နိုင်ရေးအတွက် ရန်ကုန်အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံးက စုံစမ်းခဲ့ရာ မေ ၁၂ ရက် ညနေ ၃နာရီခွဲတွင် ပြစ်မှုကျူးလွန်သူ ရဲထွဋ်ဝင်း (၁၉နှစ်) (ဘ) ဦးကျော်ကြီး အမှတ် ၁၁၇ မြို့ပတ်လမ်း အပိုင်း ၉ ရွာမအင်းစိန်နေသူအား ဖမ်းဆီးရမိခဲ့သည်။

ရဲထွဋ်ဝင်းအားစစ်မေးရာ သေသူကျော်စွာဝင်းနှင့်ခင်မင်ရင်းနှီးကြောင်း၊ မေ ၁၁ရက် ည ၁၁နာရီတွင် ၎င်းသည် အရက်သောက်၍ ကျော်စွာဝင်းတာဝန်ကျသည့်ဂိတ်တဲအတွင်း သွားရောက်ကာ ဖဲရိုက်ခဲ့ကြောင်း၊ ကျော်စွာဝင်းက ဖဲလိမ်ရိုက်သည့်အပြင် ၎င်းအား ပါးရိုက်ပြီး သတ်ပစ်မည်ဟု ခြိမ်းခြောက်သဖြင့် ဂိတ်တဲအပြင် ပြန်ထွက်ခဲ့ကြောင်း၊ နောက် တစ်နာရီခန့်အကြာ ဂိတ်တဲသို့ပြန်သွားသည့်အခါ ကျော်စွာဝင်းမှာအိပ်ပျော်နေကြောင်း တွေ့ရှိသဖြင့် ဂိတ်တဲအတွင်း အသင့်တွေ့ရှိသည့်တူဖြင့် ကျော်စွာဝင်း၏ ဦးခေါင်းအား လေးငါးချက်ထုကာ ကျော်စွာဝင်းထံမှ ရွှေဆွဲကြိုး တစ်ကုံး၊ ငွေကျပ် ၂၀၀၀၀နှင့် ယာဉ်မောင်းလိုင်စင်တို့ကိုယူကာ ထွက်ပြေးခဲ့ကြောင်း ဝန်ခံထွက်ဆိုခဲ့သည်။

ပြန်လည်သိမ်းဆည်းနိုင်

တရားခံရဲထွဋ်ဝင်း၏ ဝန်ခံထွက်ဆိုချက်အရ သက်သေခံပစ္စည်းများအား လိုက်လံသိမ်းဆည်းရာ အလေးချိန်တစ်ကျပ်သားခန့်ရှိ ရွှေဆွဲကြိုးတစ်ကုံးနှင့် ငွေကျပ် ၁၄၅၀၀ တို့ကို ပြန်လည်သိမ်းဆည်းနိုင်ခဲ့ပြီး ပြစ်မှုကျူးလွန်သူ ရဲထွဋ်ဝင်းအား လှိုင်ရဲစခန်းမှ ဥပဒေနှင့်အညီ တရားစွဲတင်ရန်စီစဉ်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တောင်ဥက္ကလာပမြို့နယ် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

ရန်ကုန် မေ ၁၄

တောင်ဥက္ကလာပမြို့နယ် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစု ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် ဖွဲ့စည်းရေးအခမ်းအနားကို ယမန်နေ့နံနက်က အထက(၂) သီရိမြန်မာခန်းမ၌ ကျင်းပရာ တိုင်းအဆင့်သမဝါယမအသင်းများ ဖွဲ့စည်းရေးကော်မရှင် တိုင်းလက်ထောက် ညွှန်ကြားရေးမှူးဦးအောင်မင်းနှင့် တိုင်းသမဝါယမ ဦးစီးအရာရှိ ဦးမောင်မောင်သာ၊ ရန်ကုန်တိုင်း အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစုချုပ် ဥက္ကဋ္ဌ ဦးရဲအောင်၊ အုပ်ချုပ်မှုဒါရိုက်တာဦးမျိုးမြင့်၊ အတွင်းရေးမှူးဦးတင်မြင့်နှင့် မြို့နယ်ဦးစီးအရာရှိ ဒေါ်သက်သက်တို့ တက်ရောက်သည်။

ကတိသစ္စာခံယူ

အခမ်းအနားတွင် ရန်ကုန်တိုင်း အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမ အသင်းစုချုပ် ဥက္ကဋ္ဌ ဦးရဲအောင်၊ တိုင်းအဆင့်သမဝါယမအသင်းများ ဖွဲ့စည်းရေးကော်မရှင် တိုင်းလက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မင်းနှင့် မြို့နယ်အသင်းဥက္ကဋ္ဌဦးမြင့်ဆွေတို့က အမှာစကားပြောကြားသည်။ ၎င်းနောက်အမှုဆောင်သစ်များကို ဆက်လက်ရွေးချယ်ကာ ဥက္ကဋ္ဌ ဦးမြင့်ဆွေ၊ ဒုတိယဥက္ကဋ္ဌ(၁) ဦးကျောက်ဖြူ၊ ဒုတိယဥက္ကဋ္ဌ(၂) ဦးအေးချို၊ အုပ်ချုပ်မှုဒါရိုက်တာ ဦးကျော်မြင့်၊ အတွင်းရေးမှူး ဦးသန်းထွန်းအောင်၊ အဖွဲ့ဝင်ဦးဇော်ဦး၊ ဦးကြင်မြ၊ ဦးချစ်ဆွေ၊ ဦးဘစိန်နှင့် အသင်းသား စာရင်းစစ်နှစ်ဦးတို့အား ရွေးချယ်တင်မြှောက်ပြီး သဘာပတိရှေ့မှောက်တွင် ကတိသစ္စာခံယူကာ **(အပေါ်ပုံ)** အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(၁၁၉)**

လက်တွေ့ သင်ကြား

မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်းနှင့် ပန်းအလှပညာရှင် စာရေးဆရာ ကိုအေးမြင့်(မဟာဝိဇ္ဇာ)တို့ ပူးပေါင်း၍ ပန်းအလှပြုပြင်နည်းကို အသင်းတည်ရာ စမ်းချောင်းမြို့နယ် ညောင်တုန်းလမ်း အမှတ် ၅၁တွင် မေ ၁၂ရက်က ကျင်းပရာ အသင်းသားများ၊ မေရီချက်မင်းကျောင်းမှ ကျောင်းသား ကျောင်းသူများ၊ ပြင်ပစိတ်ဝင်စားသူများ တက်ရောက် သင်ကြားကြရာ ရင်းနှီးမှု အနည်းငယ်မျှနှင့် ကိုယ်တိုင်ပြုလုပ်နိုင်သော နည်းပညာများဖြင့် လက်တွေ့သင်ကြားပြသစဉ်။(၁၀၃)

အိုင်အိုဒင်းဆား ရောင်းချမှု ဟိုပင်မြို့၌ စစ်ဆေး

ဟိုပင် မေ ၁၄

ဟိုပင်မြို့ စည်ပင်သာယာရေးအဖွဲ့ ပိုင်ဈေးကြီးအတွင်း ဆားရောင်းချသည့် ဈေးဆိုင်များ အိုင်အိုဒင်းဓာတ်ဆားပါဝင်သည့် ဆားများရောင်းချမှု ရှိမရှိစစ်ဆေးရာ အဖွဲ့ဝင်ထမ်းများ ဆောင်ရွက်မှုကို မြို့နယ်တာဝန်ခံ ဦးသိန်းထူး ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ ပေရှိ "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး" အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ)	၂၉၆၄ ချပ်	၁ ချပ်	ကျပ် ၁၆၂၀၀၀၀ နှုန်း
(၂) ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ)	၄၂၀၈ ချပ်	၁ ချပ်	ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း - ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်

ရန်ကုန် မေ ၁၄

တောင်ဥက္ကလာပမြို့နယ် အတွင်းရှိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ ခိုင်မြဲရေးနှင့် စာကြည့်တိုက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း (၁/၂၀၀၉)ဖွင့်ပွဲ အခမ်းအနားကို မေ၁၃ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ကျင်းပရာ မြို့နယ် ဥက္ကဋ္ဌ ဦးချစ်သိန်းက အဖွင့်အမှာစကား ပြောကြား သည်။ **(အောက်ပုံ)**

အခမ်းအနားသို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီး အရာရှိ ဦးဝင်းခင်နှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးများနှင့် သင်တန်းသား သင်တန်းသူ ၅၄ဦးတို့ တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

ရန်ကုန် ယူနိုက်တက် F.C နှင့် ပြည်ပအားကစားသမားများ စာချုပ်ချုပ်ဆို

သတင်းမှတ်စုနှင့်ဓာတ်ပုံဖိုးသော်ဇင် ⬬ စာမျက်နှာဖွဲ့စည်းမှု-သန်းအေး (မြန်မာ့အလင်း)

ရန်ကုန် မေ ၁၄

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲဝင်ရှစ်သင်းအနက် ရန်ကုန်တိုင်းကိုယ်စားပြု ရန်ကုန်ယူနိုက်တက် F.C၊ မန္တလေးတိုင်း ကိုယ်စားပြု ရတနာပုံ F.C နှင့် ဧရာဝတီတိုင်း ကိုယ်စားပြု Delta United F.C တို့ သုံးသင်းမှာ ပြည်ပကစားသမားများကို ခေါ်ယူထားရာ တရားဝင် ပရော်ဖက်ရှင်နယ် စာချုပ်များကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တွင် လာရောက်ချုပ်ဆိုလျက်ရှိကြသည်။

ရန်ကုန် ယူနိုက်တက် F.Cနှင့် Missipo (ကင်မရွန်း) စာချုပ်ချုပ်ဆိုစဉ်။ (မြန်မာ့အလင်း)

ရန်ကုန် ယူနိုက်တက် F.C နှင့် Keraabroul (အိုင်ဗရီကို့စ်) စာချုပ် ချုပ်ဆိုစဉ်။ (မြန်မာ့အလင်း)

ရန်ကုန် ယူနိုက်တက်F.Cနှင့် Njoh Lebeau (ကင်မရွန်း) စာချုပ်ချုပ်ဆိုစဉ်။ (မြန်မာ့အလင်း)

ခြေစွမ်း

အဆိုပါ အသင်းသုံးသင်းအနက် ပထမဦးဆုံး ပြည်ပကစားသမားများကို စာချုပ်ချုပ်ဆိုခဲ့သောအသင်းမှာ ရန်ကုန်ယူနိုက်တက် F.C ဖြစ်သည်။ ရန်ကုန် ယူနိုက်တက် F.C မှာ မေ ၁၀ရက်က ရောက်ရှိလာသည့် ပြည်ပကစားသမား ငါးဦးထဲမှ သုံးဦးကို အပြီးသတ် စာချုပ်ချုပ်ဆိုခဲ့ခြင်းလည်းဖြစ်သည်။ ကင်မရွန်းလူမျိုးတိုက်စစ်မှူး Missipo၊ အိုင်ဗရီကို့စ်လူမျိုး နောက်ခံအတွင်းလူ Keraabroul နှင့် ကင်မရွန်းလူမျိုး ကွင်းလယ်ခံစစ်ကစားသမား Njoh Lebeau တို့ကို တစ်လ လစာ အမေရိကန်ဒေါ်လာ ၁၂၀၀စီဖြင့် လေးလစာချုပ်ဖြင့် ခေါ်ယူစာချုပ်ခဲ့ခြင်း ဖြစ်သည်။ ကင်မရွန်းကစားသမားများဖြစ်သည့် တိုက်စစ်မှူး Bayi Thierry နှင့်ဘယ်နောက်ခံလူ Djomahi Wyllian တို့ကိုခြေစွမ်းအရ ကြိုက်နှစ်သက်ခြင်းမရှိသောကြောင့် ပြန်လည်စေလွှတ်လိုက်ပြီ ဖြစ်သည်။ စာချုပ်ချုပ်ဆိုခဲ့သော ကစားသမား သုံးဦးမှာ ထိုင်းကလပ် တယ်ရီဆက်စနာအသင်းမှ ကစားသမားများလည်းဖြစ်သည်။

ခေါ်ယူ

ရန်ကုန် ယူနိုက်တက်F.C မှာ လက်မှတ်ရေးထိုးကြေး ကျပ် ၅၅၅သိန်း အသုံးပြု၍ ပြည်တွင်းကစားသမား ၂၆ဦးကို ခေါ်ယူထားပြီး ယခုခေါ်ယူခဲ့သော ပြည်ပကစားသမား သုံးဦးအပါအဝင် ၂၉ဦး ခေါ်ယူထားပြီးဖြစ်သည်။ **(မြန်မာ့အလင်း)**

MNL CUP ဘောလုံးပြိုင်ပွဲ ဆုကြေးများ ထိုက်တန်စွာ ချီးမြှင့်မည်

ရန်ကုန် မေ ၁၄

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် မြန်မာနေရှင်နယ်လိဂ်၏ ပထမဦးဆုံးပြိုင်ပွဲဖြစ်သည့် MNL CUP (Grand Royal 2009) ဘောလုံး ပြိုင်ပွဲကို မေ ၁၆ရက်မှ ဇူလိုင်၅ရက်အထိ ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်းနှင့် အောင်ဆန်းကွင်းတို့တွင် ကျင်းပမည်ဖြစ်ပြီး ဆုကြေးများလည်း ထိုက်ထိုက်တန်တန် ချီးမြှင့်သွားမည်ဖြစ်သည်။

ပထမဆု

ဆုကြေးများအဖြစ် ပထမဆုရအသင်းအား ကျပ်သိန်း ၅၀၀ ၊ ဒုတိယဆုရ အသင်းအား ကျပ်သိန်း၃၀၀နှင့် တတိယဆုရ အသင်းအား ကျပ်သိန်း ၂၀၀တို့ ချီးမြှင့်သွားမည် ဖြစ်သည်။ ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို မေ၁၆ရက်တွင် သုဝဏ္ဏကွင်း၌ ကျင်းပသွားမည်ဖြစ်ပြီး ဖွင့်ပွဲမတိုင်မီ မွန်းလွဲ ၂နာရီမှစ၍ တေးဂီတဖျော်ဖြေမှုများ၊ အဆိုအကများဖြင့် တင်ဆက်ဖျော်ဖြေမှုများ ပါဝင်မည်ဖြစ်ပြီး R ဇာနည်နှင့် စိုင်းစိုင်းခမ်းလှိုင်တို့၏ အထူးဖျော်ဖြေမှုများလည်းပါဝင်မည်ဖြစ်သည်။ ထို့ပြင် လာရောက်ကြည့်ရှုအားပေးသော ပရိသတ်များအတွက် ကံစမ်းမဲများကို နှိုက်ပေးသွားမည်ဟု သိရသည်။

(မြန်မာ့အလင်း)

■ ကျောဖုံးမှ

ထို့အပြင် ဒိုက်ထိုးခြင်း လေ့ကျင့်ခန်း နေ့စဉ်ပုံမှန်ပြုလုပ်သူ အမျိုးသားများသည် ကျန်းမာရေး အထောက်အကူပြု ဗီတာမင် ဆေးများကို သောက်သုံးစရာ မလိုအပ်အောင် ခန္ဓာကိုယ် ကျန်းမာရေးအား ဖြည့်ဆည်းပေးနိုင်ကြောင်း ၎င်းတို့က ပြောကြားသည်။

တိုက်ဖျက်

ဒိုက်ထိုးခြင်းသည် သွေးထဲတွင် ပါဝင်သော သကြားဓာတ်ပမာဏကို ထိန်းညှိပေးနိုင်သည့်အပြင် ဆီးကျိတ်ကင်ဆာဆဲလ်များဖြစ်တည်မှုကို တိုက်ဖျက်စေနိုင်ကြောင်း ဂျပန်ဆေးသိပ္ပံပညာရှင်များက ထုတ်ဖော်ပြောကြားသည်။

ဥတုရာသီ တောက်ပုံမီး၏

ရန်ကင်းအထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစု နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

ရန်ကုန် မေ ၁၄

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမ အသင်းစု လီမိတက်၏ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် ခရေရိပ်မြို့နယ် သမဝါယမအသင်းစုဖွဲ့စည်းရေး အခမ်းအနားကို မေ၁၁ရက်က အားမာန်အထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမအသင်း လီမိတက်ရုံးခန်းမ၌ကျင်းပရာ တိုင်းအဆင့် ဖွဲ့စည်းရေးကော်မရှင် လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မင်းနှင့် အဖွဲ့ဝင်များ၊ ရန်ကင်းမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းကြည်နှင့် အဖွဲ့ဝင်များ၊ အသင်းသူ အသင်းသားများ တက်ရောက်ကြသည်။

ရွေးချယ်

အခမ်းအနားတွင် ခရေရိပ် ရန်ကင်းမြို့နယ် သမဝါယမအသင်းစုကို ဥက္ကဋ္ဌ ဦးတင်အောင်နှင့် ဒါရိုက်တာအဖွဲ့ဝင် ကိုးဦး တို့အား အသင်းသား အသင်းသူများက ရွေးချယ်တင်မြှောက်ဖွဲ့စည်းကြပြီး ရွေးချယ်တင်မြှောက်ခံရသူများက သဘာပတိ ရှေ့မှောက်၌ ကတိသစ္စာ ခံယူကြကာ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **(အောက်ပုံ)**

(သမဝါယမ)

ဆွေးနွေးဟောပြော

မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း၏ ဦးဆောင်မှု Silver View Resort(Ngwe Saung) နှင့် Tharabar Gate Hotel ၏ ပံ့ပိုးကူညီမှုတို့ဖြင့် မေ ၇ရက်က ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်းရှိ ယုဇနဟိုတယ်၌ ဘာသာရပ်ဆိုင်ရာ ပညာရှင်များ ဟောပြောပွဲ ကျင်းပရာ စာရေးဆရာ ချစ်စံဝင်းက ၂၁ရာစုနှင့် ခေတ်မီသင်ယူမှု အစီအစဉ် ခေါင်းစဉ်ဖြင့် ဆွေးနွေး ဟောပြောစဉ်။ (၁၃၅)

မြန်ကြားရေးဝန်ကြီးဌာန

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက်

Wood Free Paper (70 Gsm) များ ဝယ်ယူရန်

တင်ဒါခေါ်ယူခြင်း

၁။ မြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းအတွက် Wood Free Paper (70 Gsm) များကို အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

(က) Wood Free Paper(31" x 43") ၂၀၀ ထုပ်
70 Gsm,(Indonesia)
(ရွက်ရေ ၅၀၀ပါ အထုပ်)

၂။ တင်ဒါပေးသွင်းမှုကို ၂၆-၅-၂၀၀၉ရက် (၁၆း၃၀)နာရီတွင် ပိတ်ပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူနိုင်ပါသည်-

ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့်
ထုခွဲရောင်းချရေးကော်မတီ
မြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့ရုပ်ရှင်လုပ်ငန်း
အမှတ်(၂၈)၊ ကုက္ကိုင်းရိပ်သာလမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၅၃၄၅၇၄၊ ၅၃၆၀၂၉။

မြန်ကြားရေးဝန်ကြီးဌာန

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက်

Duplex Board အဖုံးစက္ကူ (ပြည်တွင်း)

ဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ မြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက် Duplex Board အဖုံးစက္ကူ (ပြည်တွင်း)များကို အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

(၁) Duplex (32 " x 40") 180 Gsm ၁၈၀၀၀ ထုပ်
(ရွက် ၁၀၀ ပါ အထုပ်)

(၂) Duplex (32 " x 46") 180 Gsm ၂၃၀၀၀ ထုပ်
(ရွက် ၁၀၀ ပါ အထုပ်)

၂။ တင်ဒါပေးသွင်းမှုကို (၂၁-၅-၂၀၀၉)ရက် (၁၆း၃၀) နာရီတွင် ပိတ်ပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ် အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့်
ထုခွဲရောင်းချရေးကော်မတီ
မြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့ရုပ်ရှင်လုပ်ငန်း
အမှတ်(၂၈)၊ ကုက္ကိုင်းရိပ်သာလမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၅၃၄၅၇၄၊ ၅၃၆၀၂၉။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆) မန္တလေးတိုင်းတရားရုံး
၂၀၀၈ခုနှစ် တရားမဇာရီမှုအမှတ် -၁၀၀(အမ်)

မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်း ဝယ်ရေးဘဏ်၊ ရန်ကုန်မြို့ နှင့် ၁။ ဦးကျော်ဇံ၊ ၂။ ဒေါ်မာမာဝေ ၃။ ဦးမောင်ငွေး

တရားနိုင် **တရားရှုံး**

၂၀၀၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၄၂တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၉ခုနှစ်၊ ဇွန် ၁၈ရက် (မြန်မာသက္ကရာဇ် ၁၃၇၁ခုနှစ် နယုန်လပြည့်ကျော်၁၁ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင် ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

လုပ်ငန်းရှင် ဦးကျော်ဇံနှင့် သမီး ဒေါ်မာမာဝေ၊ သား ဦးမောင်ငွေးတို့ပိုင်ဆိုင်သည့်(၁၉-၃-၉၂မှ ၁၈-၃-၂၀၀၂ထိ သက်တမ်းရှိ ၁၀နှစ်ဂရန်မြေ၊ အကွက်အမှတ် ၁၁/၈၊ ဈေးရပ်၊ ဦးပိုင်အမှတ် ၁-ဆ/၁ ဧရိယာ ၀ ဒသမ ၀၄၂ ဧကနှင့် ယင်းမြေပေါ်ရှိ နှစ်ထပ်တိုက်တစ်လုံး အဆောက်အအုံ။

လေလံကြမ်းခင်းဈေး - ကျပ်သိန်း ၅၀၀

ရောင်းချရန် စည်းကမ်းချက်များ

(၁) စာရင်းတွင်ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါရှိခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းချရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၉ခုနှစ် မေ ၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **စိန်လှ**

တွဲဖက်တိုင်းတရားသူကြီး(၂)
မန္တလေးတိုင်းတရားရုံး။

သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

မန်ယူနဲ့ သုံးထပ်ကွမ်းချန်ပီယံ ပရီမီယာလိဂ်ခရီး

ရေးသားတင်ပြသူ - မောင်မောင်မြင့်ဆွေ ● စာမျက်နှာဖွဲ့စည်းမှု - ဉာဏ်ဖြိုး (မြန်မာ့အလင်း)

လန်ဒန် မေ ၁၄

၂၀၀၈-၂၀၀၉ ဘောလုံးရာသီရဲ့ ပရီမီယာလိဂ်ဖလားပိုင်ရှင်ဟာ ဘယ်သူဖြစ်မလဲဆိုတာ မေ၁၆ရက်မှာ ပြတ်သားတဲ့အဖြေ ထွက်တော့မှာဖြစ်ပါတယ်။ ကမ္ဘာ့ဘောလုံးပရိသတ်တွေကတော့ မန်ယူအသင်း ဗိုလ်စွဲမယ်ဆိုတဲ့ ယုံကြည်စိတ်တွေ ပြင်းထန်နေပြီဖြစ်တာမို့ မေ၁၆ရက် ည ၆နာရီ ၁၅မိနစ်မှာ ယှဉ်ပြိုင်ကစားမယ့် မန်ယူနဲ့ အာဆင်နယ်တို့ပွဲရလဒ်အပေါ် စိတ်စောနေကြပြီဖြစ်ပါတယ်။ တကယ်တမ်းမှာလည်း အိုးထရက်ဖို့ဒ်မှာ ကစားရမယ့် အဲဒီပွဲမှာ မန်ယူဟာ သရေကစားပြီး တစ်မှတ်ရယူလိုက်ရုံနဲ့ သုံးနှစ်ဆက်တိုက် ပရီမီယာလိဂ်ဖလားပိုင်ရှင်အဖြစ် အောင်ပွဲခံ ဝှံကြွားနိုင်တော့မှာ ဖြစ်ပါတယ်။

ဒါကြောင့် ဒီအခြေအနေအထိ ရောက်အောင် ဖြတ်သန်းလာရတဲ့ မန်ယူရဲ့ ပရီမီယာလိဂ်ဖလား ဆွတ်ခူးရေး တစ်နှစ်တာ ခရီးကြမ်းကို ငဲ့စောင်းကြည့်လိုက်တဲ့အခါ ....။

ရာသီအစ

ဒီနှစ်ပရီမီယာလိဂ် ဘောလုံးရာသီကို စတင်ဖြတ်သန်းတဲ့ မန်ယူဟာ ထူးထူးခြားခြား ဘောလုံးသမားဆိုလို့ ဘာဘာတော့ဗ် တစ်ဦးတည်းကိုပဲ ဝယ်ယူဖြည့်ဆည်းခဲ့လို့ ဘောလုံးသမား ဖြည့်ဆည်းရေးနဲ့ပတ်သက်ပြီး ဖာဂူဆန်ကို ပရိသတ်တွေ ဝေဖန်ခဲ့ဖူးပါတယ်။ ပြိုင်ဘက်အသင်းတွေရဲ့အား ဘောလုံးသမားအသစ် ဝယ်ယူအားဖြည့်မှုကိုလည်း နည်းပြဖာဂူဆန် လျစ်လျူရှုခဲ့ပြီး မိမိအသင်းရဲ့ လက်ရှိအင်အားတွေကို အကောင်းဆုံးဖြစ်အောင် လေ့ကျင့်မွမ်းမံပြင်ဆင်နေခဲ့တာမို့ "ဖာဂူဆန်ဘာလုပ်နေလဲ"ဆိုတဲ့စာတွေ ရာသီအစမှာ မန်ယူကလပ်ထံ တဖွဲဖွဲရောက်ရှိလာခဲ့ပါတယ်။

အတိုးအလျှပ်တွေနဲ့ ကြိုးစားပြခဲ့တဲ့ ရွန်နေ။

သရေပွဲနှင့်စတင်

ဒီနှစ် ပရီမီယာလိဂ် ပထမဆုံးပွဲစဉ်အဖြစ် မန်ယူအသင်းဟာ အိမ်ကွင်း အိုးထရက်ဖို့ဒ်မှာ နယူးကာဆယ်နဲ့ ယှဉ်ပြိုင်ကစားတဲ့အခါ တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့လို့ ဖာဂူဆန် မျက်နှာပျက်ခဲ့ရသလို ဖာဂူဆန်ကို ဒေါသထွက်ပြီး ဝေဖန်တဲ့ ကမ္ဘာတစ်ဝန်းကစာတွေ တစ်နေ့တည်းနဲ့ ခြောက်သောင်းလောက် ရောက်ရှိခဲ့တယ်လို့ ဆိုပါတယ်။ နယူးကာဆယ်လိုအသင်းကို လက်ရှိချန်ပီယံ မန်ယူက အိမ်ကွင်းမှာ တစ်ဂိုးစီသရေ ကစားလိုက်တာဟာ ရပ်ပျက်လွန်းတယ်လို့ ဆိုခဲ့ကြပါတယ်။ ဒါပေမယ့် ဒုတိယပွဲစဉ်အဖြစ် အဝေးကွင်းမှာ ပို့စ်မောက်နဲ့ ယှဉ်ပြိုင်ကစားတဲ့ပွဲမှာ ကံကောင်းထောက်မစွာနဲ့ တစ်ဂိုး ဂိုးမရှိနိုင်ခဲ့လို့ ဖာဂူဆန် သက်သာခွင့် ရရှိခဲ့ပါတယ်။

အရှုံးနဲ့တွေ့

မန်ယူက ပရီမီယာလိဂ် တတိယပွဲစဉ်အဖြစ် အန်းဖီးလ်ကွင်းမှာ လီဗာပူးနဲ့ ကစားတဲ့အခါ နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးခဲ့လို့ မန်ယူပရိသတ်တွေ စိတ်ပျက်ခဲ့ရပြန်ပါတယ်။ ဒါ့အပြင် ပရီမီယာလိဂ်ပွဲစဉ်(၄)အဖြစ် ချယ်လ်ဆီးကွင်းမှာ ကစားရတဲ့ပွဲမှာလည်း တစ်ဂိုးစီ သရေပွဲထပ်ဖြစ်ခဲ့တာမို့ ပရီမီယာလိဂ်လေးပွဲကစားပြီးချိန်မှာ မန်ယူဟာ စုစုပေါင်း ငါးမှတ်ပဲ ရရှိခဲ့ပါတယ်။ ဒါ့ကြောင့် ပြီးခဲ့တဲ့နှစ် ဩဂုတ်လရဲ့ ပရီမီယာလိဂ်တန်းစီဇယားမှာ မန်ယူဟာ သတ္တမအဆင့်မှာပဲ ရပ်တည်နိုင်ခဲ့ပါတယ်။

အဆင့်(၁၁)

ဒီလိုနဲ့ ပြီးခဲ့တဲ့နှစ် စက်တင်ဘာလအတွင်းမှာ မန်ယူဟာ သုံးပွဲကစားတဲ့အခါ အဓိကပြိုင်ဘက်တွေဖြစ်တဲ့ လီဗာပူးကို နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးပြီး ချယ်လ်ဆီးကို တစ်ဂိုးစီ သရေကစားခဲ့တာမို့ မန်ယူတော့ ဒီနှစ်သွားပြီဆိုတဲ့ ဝေဖန်သံတွေ ပွက်လောညံအောင် ဝေစီခဲ့ပြန်ပါတယ်။ ဒါပေမယ့် ဘောလ်တန်ကို အိုးထရက်ဖို့ဒ်မှာ နှစ်ဂိုးပြတ်နိုင်ခဲ့ပြီး တန်းစီဇယားမှာ အဆင့် ၁၁ လောက်နဲ့ ရပ်နေခဲ့တာဖြစ်ပါတယ်။ လက်ရှိချန်ပီယံအသင်းအနေနဲ့ ငါးပွဲကစားပြီးချိန်မှာ အဆင့်၁၁အထိကျဆင်းခဲ့တာကတော့ ဖလားကာကွယ်နိုင်တဲ့ ခြေစွမ်းမရှိတော့ဘူးဆိုတဲ့ သံသယတွေလည်း ပွားခဲ့ရတာပါပဲ။

ကစားကွက်

ဒီအချိန်မှာ ဖာဂူဆန်ဟာ သူ့အသင်းရဲ့ ကစားကွက်တွေကို စတင်ပြောင်းလဲခဲ့တာပါပဲ။ ၄း၄း၂ ကစားနေရာက ၄း၅း၁ နဲ့ ၄း၄း၁း၁ ဗျူဟာတွေသုံးပြီး စီရိုနယ်ဒို၊ ရွန်နေ၊ တီဗက်ဇ်နဲ့ ဘာဘာတော့ဗ်တို့ကို နေရာမျိုးစုံက ကစားစေခဲ့ပြီး ဂိုးတွေသွင်းခိုင်း စေခဲ့တာမို့ ပြီးခဲ့တဲ့ အောက်တိုဘာမှာ ပရီမီယာလိဂ် လေးပွဲကစားခဲ့တာ တစ်ပွဲမှ မရှုံးခဲ့ဘဲ တန်းစီဇယား ဒုတိယနေရာအထိ တက်ရောက်လာနိုင်ခဲ့တာပါပဲ။

ဂိုးမိုးရွာ

ဒီလိုနည်းစနစ်တွေနဲ့ လူအပြောင်းအလဲတွေပြုလုပ်ပြီး ကစားစေခဲ့တာမို့ ပြီးခဲ့တဲ့နှစ် နိုဝင်ဘာလမှာ ပရီမီယာလိဂ်ပွဲစဉ် ငါးပွဲကစားခဲ့တာ ဗီလာနဲ့ပွဲပဲ ဂိုးမရှိသရေဖြစ်ပြီး ဟူးလ်စီးတီးကို လေးဂိုး-သုံးဂိုး၊ စတုတ်အသင်းကို ငါးဂိုးပြတ်အထိ သွင်းယူနိုင်ခဲ့ပြီး ဂိုးမိုးတွေ ရွာသွန်းနိုင်စေအောင် ဖာဂူဆန် စွမ်းဆောင်ပြနိုင်ခဲ့ပါတယ်။ နိုင်ဝင်ဘာလမှာတော့ မန်ယူဟာ တန်းစီဇယား တတိယနေရာမှာ ရပ်တည်နိုင်ခဲ့ပြီး ပွဲရလဒ်ကို ဆိုးရွားမှု မဖြစ်စေအောင် ထိန်းထားနိုင်ခဲ့ပါတယ်။



သေချာတဲ့ အဆုံးသတ်ဂိုးတွေ သွင်းပေးခဲ့တဲ့ တီဗက်ဇ်။

ဦးဆောင်ပြီ

မန်ယူဟာ မနှစ်က ဒီဇင်ဘာမှာ ပရီမီယာလိဂ် လေးပွဲကစားတဲ့အခါတစ်ပွဲမှ မရှုံးတော့တဲ့အပြင် ဇန်နဝါရီလအတွင်းမှာ ငါးပွဲကစားခဲ့တဲ့အခါမှာလည်း တစ်ပွဲမှ မရှုံးအောင် ကစားနိုင်ခဲ့ပါတယ်။ ဒီနေရာမှာ ထူးခြားတာကတော့ မန်ယူဟာ အိမ်ကွင်းမှာ ချယ်လ်ဆီးကို သုံးဂိုးပြတ်သွင်းယူပြီး စံချိန်တင်နိုင်ပွဲရရှိခဲ့တဲ့အပြင် ဝက်စ်ဘရွန်းကို ငါးဂိုးပြတ်သွင်းယူနိုင်တဲ့ပွဲရလဒ်တွေပဲ ဖြစ်ပါတယ်။ ဇန်နဝါရီလပွဲစဉ်တွေ ကစားပြီးတဲ့အခါ မန်ယူဟာတန်းစီဇယားကို ထိပ်ဆုံးက ဦးဆောင်ခွင့်ရရှိသွားခဲ့ပါတယ်။

အဲဒီနောက်ပိုင်းမှာတော့ မန်ယူဟာ တန်းစီဇယားထိပ်ဆုံးကို အချိန်အတော်များများ လွှမ်းမိုးခဲ့ပြီး လက်ရှိပရီမီယာလိဂ်ဖလား ကာကွယ်ရေးအတွက် လက်တွေ့အကောင်အထည်ဖော်လာတာပဲ ဖြစ်ပါတယ်။

ဒီနှစ်ပရီမီယာလိဂ် ပွဲစဉ်တွေမှာ မန်ယူတို့ အရှုံးကြီးရှုံးခဲ့ရတဲ့ ပွဲစဉ်ကတော့ အိမ်ကွင်း အိုးထရက်ဖို့ဒ်မှာ လီဗာပူးကို လေးဂိုး-တစ်ဂိုးနဲ့ရှုံးခဲ့တဲ့ ပွဲစဉ်ပဲ ဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ပွဲ လိုအပ်နေတဲ့ အချိန်မှာ ဖူလ်ဟမ်ကွင်းမှာ မန်ယူတို့ နှစ်ဂိုးပြတ်ရှုံးခဲ့ရတဲ့ ပွဲရလဒ်ကလည်း ဖလားရယူရေးအတွက် ထိခိုက်စေခဲ့တာတော့ အမှန်ပါပဲ။

နည်းစနစ်မျိုးစုံ ပြောင်းလဲကျင့်သုံးခဲ့တဲ့ နည်းပြ ဖာဂူဆန်။

ပွဲအများဆုံး

မန်ယူအသင်းအနေနဲ့ လက်ရှိဖလားကို ကာကွယ်တဲ့ ရာသီတစ်လျှောက်မှာ ပွဲအများဆုံး ပါဝင်ကစားခဲ့တဲ့ ကစားသမားတွေကတော့ ဂိုးသမား ဗန်ဒါဆား ၃၂ ပွဲ၊ ဗီဒစ် ၃၂ ပွဲ၊ စီရိုနယ်ဒို ပွဲ၃၀၊ ဘာဘာတော့ဗ် ၂၉ပွဲ၊ အီဗရာ ၂၇ပွဲ၊ ဖာဒီနန် ၂၄ ပွဲ၊ ရွန်နေ ၂၄ပွဲ၊ ကာရစ်နဲ့ ဖလက်ချာ ၂၃ပွဲစီ၊ ပတ်ဂျီဆန် ၂၁ပွဲနဲ့ တီဗက်ဇ်က ၁၇ပွဲ ပါဝင်ကစားခဲ့ကြပါတယ်။

ဖာဂူဆန်ဟာ ဒီနှစ် ပရီမီယာလိဂ် ရာသီတစ်လျှောက်မှာ လူသစ်တွေကိုလည်း တွဲဖက်ပွဲထုတ်ခဲ့တဲ့ နေရာမှာ ရာဖေးလ်၊ မာချီဒါ၊ ဂစ်ဆင်၊ ဝဲလ်ဘတ်နဲ့ ပိုဆီဘွန် တို့ကိုလည်း ထည့်သွင်းကစားစေခဲ့တာမို့ ခြေစွမ်းပြနိုင်တဲ့ လူငယ်ကစားသမားတွေ ပွဲတိုးစေခဲ့ပါတယ်။

လှပသေသပ်တဲ့ အလွတ်တည် ကန်ဂိုးတွေ သွင်းပေးခဲ့တဲ့ ဒိုလေး။

အဓိက

ဖာဂူဆန်ဟာ မန်ယူအသင်းကို ပရီမီယာလိဂ်ဖလား ကာကွယ်နိုင်ဖို့အတွက် အဓိကအားကိုးအားထားပြုခဲ့တဲ့ ကစားသမားတွေကို ကြည့်လိုက်ရင် ဗန်ဒါဆား၊ ဗီဒစ်၊ ဖာဒီနန်၊ အီဗရာ၊ စီရိုနယ်ဒို၊ ရွန်နေ၊ တီဗက်ဇ်နဲ့ ဘာဘာတော့ဗ်တို့ဖြစ်ပြီး တကယ်တမ်းမှာလည်း ဖာဂူဆန်အတွက် အဓိက လက်ရုံးကစားသမားတွေပဲ ဖြစ်ပါတယ်။

ဒါကြောင့် မကြာခင်ရက်ပိုင်းမှာ ပရီမီယာလိဂ်ဖလားကို ကိုင်မြှောက်ခွင့်ရအောင် နောက်ဆုံးပွဲစဉ်အဖြစ် ကြိုးစားတော့မယ့် ဖာဂူဆန်ရဲ့ မန်ယူဟာ တစ်ရာသီလုံး အခက်အခဲကြားက ရုန်းထကြိုးစားခဲ့ရတယ်ဆိုတာ .....။ ။

ကိုးကား-အင်တာနက်

ဥပဒေအရာရှိအဆင့်(၄)(အစမ်းခန့်)များ ဌာနဆိုင်ရာ လုပ်ငန်းခွင်သင်တန်းဆင်း

နေပြည်တော် မေ ၁၄

ဥပဒေအရာရှိအဆင့်(၄) (အစမ်းခန့်)များ ဌာနဆိုင်ရာ လုပ်ငန်းခွင်သင်တန်း အမှတ်စဉ်(၁/၂၀၀၉) ဆင်းပွဲအခမ်းအနားကို ယနေ့ညနေ ၄နာရီခွဲတွင် နေပြည်တော်ရှိ ရှေ့နေချုပ်ရုံးသင်တန်းခန်းမ၌ ကျင်းပရာ ရှေ့နေချုပ် ဦးအေးမောင် တက်ရောက်၍ မှာကြားသည်။

တက်ရောက်

ယင်းသင်တန်းဆင်းပွဲအခမ်းအနားသို့ ဒုတိယရှေ့နေချုပ်များဖြစ်ကြသော ဒေါက်တာထွန်းရှင်နှင့် ဦးထွန်းထွန်းဦး၊ ညွှန်ကြားရေးမှူးချုပ်ဦးတင်မြင့်၊ ရုံးအဖွဲ့မှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ သင်တန်းဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူ ၉၆ဦးတို့ တက်ရောက်ကြသည်။

ဂုဏ်ပြုဆု

ရှေးဦးစွာ ရှေ့နေချုပ် ဦးအေးမောင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ၊ ဥပဒေအရာရှိများ လိုက်နာဆောင်ရွက်ရမည့် ကျင့်ဝတ်များနှင့် စည်းကမ်းများကို မှာကြားပြီး ပထမရရှိသူ ဒေါ်ယုယုမော်၊ ဒုတိယရရှိသူ ဦးအောင်ကျော်မင်း၊ တတိယရရှိသူ ဦးဇင်မင်းထက်တို့အား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်လိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်

ရန်ကုန် မေ ၁၄

ယနေ့ နံနက် ၉နာရီခွဲအချိန်အထိ မိုးလေဝသ တိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မကွေးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး မန္တလေးတိုင်းတွင် နေရာကွက်ကျား၊ မွန်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ကျန်ဒေသများတွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ထူးခြားသည့်နေ့အပူချိန်များမှာ ညောင်ဦးမြို့နှင့် မင်းဘူးမြို့တို့တွင် ၄၂ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ဘီးလင်းမြို့တွင် ၂ဒသမ၈၃လက်မ၊ ထားဝယ်မြို့တွင် ၂ဒသမ၇၅လက်မ၊ မိုးကုတ်မြို့တွင် ၂ဒသမ၆၄လက်မ၊ ခရမ်းမြို့တွင် ၂ဒသမ၅၂လက်မ၊ ကော့ကရိတ်မြို့တွင် ၂ဒသမ၃၆လက်မ၊ မြဝတီမြို့တွင် ၁ဒသမ၉၃လက်မ၊ ကန့်ဘလူမြို့နှင့် တောင်ငူ(လေကြောင်း)တွင် ၁ဒသမ၆၅လက်မ စီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မေ ၁၅ရက်နေ့ ညနေအထိ ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်၊ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

စီမံကိန်းရည်မှန်းချက်များ တနိုင်းမြို့၌တာဝန်ပေးအပ်

တနိုင်း မေ ၁၀

၂၀၀၉-၂၀၁၀ခုနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ အခမ်းအနားကို မေ ၄ ရက် နံနက် ၉ နာရီက တနိုင်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ တနိုင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေထွန်းအောင်က **(အပေါ်ပုံ)** တနိုင်းမြို့နယ်၏ စတုတ္ထကာလ ငါးနှစ်စီမံကိန်း၏ စတုတ္ထနှစ်ဖြစ်သော ၂၀၀၉-၂၀၁၀ခုနှစ် စီမံကိန်း ရည်မှန်းချက် တာဝန်ပေးအပ်မှုနှင့် ပတ်သက်၍ ရှင်းလင်းပြီး မြို့နယ်စီမံကိန်းဦးစီးရုံး ဦးစီးအရာရှိ ဒေါ်မြင့်မြင့်အေးက (ဂျီဒီပီ)ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

လက်ခံယူ

ထို့နောက် တနိုင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေထွန်းအောင်က ၂၀၀၉-၂၀၁၀ခုနှစ် ကဏ္ဍတစ်ခုချင်းစီ၏ ရည်မှန်းချက်၊ သက်ဆိုင်ရာဌာနများနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စုဥက္ကဋ္ဌများသို့ တာဝန်များ ပေးအပ်ရာ အုပ်စုမှ တာဝန်ရှိသူများက လက်ခံယူကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ယာဉ်/လမ်း စည်းကမ်း အသိပညာပေးဟောပြော

မိုးကောင်း မေ ၁၂

မိုးကောင်းမြို့နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက ကြီးမှူး၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အကြောင်း အသိပညာပေး ဟောပြောပွဲကို မေ ၅ရက် မွန်းလွဲ ၁နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌကိုယ်စား မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူးတင်ငွေက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်တရားသူကြီး ဦးတိုးမြင့်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်းကိုလည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်သန်းသန်းဆင့်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်သည့် လိုက်နာဆောင်ရွက်ရမည့် ဥပဒေများ၊ နည်းဥပဒေများ၊ စည်းကမ်းများနှင့် မှုခင်းကျဆင်းရေး အကြောင်းများကိုလည်းကောင်း ဟောပြောကြသည်။

(မြို့နယ် ပြန်/ဆက်)

မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်

မိုင်းရယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးတွင် ဧပြီ ၈ရက်က အဖွဲ့ဝန်ထမ်းများနှင့် မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြ လေ့ကျင့်ဆောင်ရွက်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်တင်၊ အမှုဆောင်အရာရှိ ဦးလှကွန့်၊ တာဝန်ခံအင်ဂျင်နီယာ ဦးကျော်မင်းထွန်းနှင့် မီးသတ်တာဝန်ခံ ဦးစိုင်းညွှန့်အောင်တို့ ကြီးကြပ်ပေးစဉ်။ (ပြည်နယ် ပြန်/ဆက်)



မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူး ဦးမင်းအောင်မြင့်စိုး မိုးကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မျိုးဥယျာဉ်တည်ထောင်ထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပုဏ္ဏားကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်လျက်ရှိသော ဂူဝရေလှောင်ကန် (အနောက်ဘက်တာရိုး) မြေသားဆည်ဖို့ခြင်း လုပ်ငန်းဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးဦးတင်မောင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးကျော်မျိုးဌေးတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

[illegible]

[illegible]

ပျောက်ဆုံးကြောင်း

ကျွန်တော်ဦးအောင်သိန်း ၉/မနမ(နိုင်)၀၂၁၅၃၇ ပိုင် ယာဉ်အမှတ် ထ/၁၃၃၄ ၏ အခွန်ပုံစံ(၁) ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၅၄၇၄၃၈။**

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် လ/၃၈၈၇ Mazda Titan L/T (၄×၂) ယာဉ်လက်ဝယ်ရှိသူ ဦးလောယီကွေ ၉/ မနမ(နိုင်) ၁၀၂၃၉၂က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး၊ (မန္တလေးတောင်ပိုင်း)မန္တလေးမြို့။**

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် စက/၂၆၂၁၉ လုံစင်း LX 110 ဆိုင်ကယ် လက်ဝယ်ရှိသူ ဒေါ်ဌေးဌေးလွင် ၅/ကလတ(နိုင်) ၀၀၅၄၃၀ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး၊ (စစ်ကိုင်းမြို့)။**

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် စက/၁၅၄၄၃ ဂျာလင်း JL 90 ယာဉ်လက်ဝယ်ရှိသူ ဦးစံမြင့်ဌေ ၁၄/မကန(နိုင်) ၀၁၃၇၅၆ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး၊ (စစ်ကိုင်းမြို့)။**

မီးအစဉ်သတိပြု

ဖွံ့ဖြိုးတိုးတက်လာသော ရခိုင်ပြည်နယ် ဂွမြို့နယ်သို့ တစ်ခေါက်

ရခိုင်ပြည်နယ် ဂွမြို့နယ် ရဟိုင်ကွင်းကျေးရွာမှ အောင်မြင်ဖြစ်ထွန်းနေသော နွေစပါး ၇၅ ဧကကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

သတင်းခရီးသည်နှင့် ဓာတ်ပုံမှတ်တမ်း
သတင်းထောက် စဥ္စကူစိုးဝင်း

စာမျက်နှာဖွဲ့စည်းမှု
ဝင်းချို (မြန်မာ့အလင်း)

သံတွဲ မေ ၁၄

ရခိုင်ပြည်နယ် ဂွမြို့နယ်ကား အေးချမ်းသာယာလှသည်။ ယခင်က သတင်းစကား ကြားသိရသည်ထက် မျက်မြင်တွေ့ရှိရသည့်အခါ ဖွံ့ဖြိုးတိုးတက်မှု အံ့မခန်းပင်။ မြန်မာ့အလင်းသတင်းအဖွဲ့ ဂွမြို့သို့ရောက်ရှိချိန်သည် ည ၈ နာရီဖြစ်သော်လည်း အနားမယူနိုင်ဘဲ ဂွမြို့ ဖွံ့ဖြိုးတိုးတက်မှုနှင့်ပတ်သက်၍ တာဝန်ရှိသူများနှင့် တွေ့ဆုံ မေးမြန်းခဲ့သည်။

စာမျက်နှာ ၇ ကော်လံ ၁ ●

ရမည်းသင်းမြို့ မြို့မဈေးအတွင်းရှိ ရွှေဆိုင်၌ လုယက်မှုကျူးလွန်ခဲ့ပြီးနောက် လမ်းပေါ်တွင် လူသတ်မှုကျူးလွန်ခဲ့သူ တရားခံများအား

မြန်မာနိုင်ငံရဲတပ်ဖွဲ့က ခုနစ်ရက်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် မေ ၁၄

ရမည်းသင်းမြို့ မြို့မဈေးအတွင်းရှိ ရွှေဆိုင်၌ လုယက်မှုကျူးလွန်ခဲ့ပြီး ဆိုင်ကယ်ကယ်ရီမောင်းသူအား ပစ်ခတ်သတ်ဖြတ်၍ ရွှေဆိုင်အရောင်းစာရေးတစ်ဦးနှင့် အခြားလူတစ်ဦးအား သေနတ်ဖြင့် ပစ်ခတ်ခဲ့သူ တရားခံလေးဦးအား သက်သေခံရွှေထည်ပစ္စည်းအချို့နှင့်အတူ မြန်မာနိုင်ငံရဲတပ်ဖွဲ့က ခုနစ်ရက်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

ယူဆောင်

ဖြစ်ပွားပုံမှာ မေ ၆ ရက် ညနေ ၄ နာရီ ၁၀ မိနစ်ခန့်တွင် ရမည်းသင်းမြို့ မြို့မဈေး ရုံအမှတ် ၁၀ အခန်းအမှတ် (၂၈/၂၉)ရှိ ဒေါ်မိမိအေး၏ ငွေရတနာအောင်ရွှေဆိုင်သို့ ဆိုင်ကယ်တစ်စီးဖြင့် လူသုံးဦး ရောက်ရှိလာခဲ့သည်။ ထို့နောက် ရွှေကောင်တာအား သေနတ်အရှည်တစ်လက်ဖြင့် ထုခွဲပြီး ငါးပိဿာခန့်ရှိ ရွှေဆွဲကြိုးများနှင့် တစ်ပိဿာခန့်ရှိ ရွှေလက်ကောက်များ စုစုပေါင်း ငွေကျပ် သိန်းနှစ်ထောင့်လေးရာခန့်တန်ဖိုးရှိ ရွှေခြောက်ပိဿာခန့်ကို ယူဆောင်၍ ဆိုင်ကယ်ဖြင့် မောင်းနှင်ထွက်ပြေးသွားခဲ့သည်။ လုယက်မှုကို တားဆီးခဲ့သည့် ရွှေဆိုင်အရောင်းစာရေး ဒေါ်ချိုပြုံး၏ ဝဲဒူးနှင့်ရွှေဆိုင်အနီးဆေးဆိုင်မှ ဦးမျိုးသန့်၏ယာပခုံးတို့တွင် သေနတ်ဖြင့် ပစ်ခတ်ခံရမှုကြောင့် ဒဏ်ရာအသီးသီးရရှိခဲ့သည်။ လုယက်မှုကျူးလွန်သူ တရားခံသုံးဦးသည် ရမည်းသင်းမြို့ အရှေ့ဘက်တစ်မိုင်ခန့်အကွာ ဆည်ကြီးကျေးရွာအနီးတွင် ဆည်ကြီးကျေးရွာနေ ဆိုင်ကယ်ကယ်ရီမောင်းသူ မောင်မောင်ဆွေ ၂၄ နှစ် (ဘ)ဦးမြင့်ဆွေအား ပစ်ခတ်သတ်ဖြတ်ပြီး မောင်မောင်ဆွေ၏ ဆိုင်ကယ်ကို ယူဆောင်၍ သိမ်ကုန်းကျေးရွာဘက်သို့ မောင်းနှင်သွားခဲ့ပြီး တရားခံများသည် ၎င်းတို့ စီးနင်းလာသည့် ဆိုင်ကယ်ကို ဆည်ကြီးကျေးရွာ၌ ထားရှိခဲ့ကြောင်း သိရှိရသည်။

ဖမ်းဆီးရမိ

တရားခံများ၏ ပုံသဏ္ဌာန်ဓာတ်ပုံ ပုံကြမ်းများကို ပြည်နယ်နှင့်တိုင်းရဲတပ်ဖွဲ့များသို့ ဖြန့်ဝေ၍ ဖော်ထုတ်ခဲ့ရာ မေ ၇ ရက် မွန်းလွဲ ၁နာရီခန့်တွင် ယင်းမာပင်ကျေးရွာအနီး ခိုအောင်းနေသော တရားခံ ကိုလေး(ခ)မျိုးဝင်းဖော်နှင့် ခင်မောင်ထွေး(ခ)ဂျပုတို့ ညီအစ်ကိုနှစ်ဦးအားလည်းကောင်း၊ မေ ၁၃ ရက် နံနက် ၁၁ နာရီခွဲခန့်တွင် ချမ်းမြသာစည်မြို့နယ် မြို့ဟောင်းရထားဝင်းနေအိမ်၌ ညီညီနိုင်နှင့်အတူ လက်နက်ခိုးယူမှုတွင် ပူးပေါင်းကျူးလွန်သူ ခိုင်ဇော်ဝင်းအား လည်းကောင်း၊ မေ ၁၃ ရက် ည ၁၁ နာရီ ၅၉ မိနစ်ခန့်တွင် ကွတ်ခိုင်မြို့နယ် မော်ဟစ်ကျေးရွာနေအိမ်၌ အဓိကတရားခံ ညီညီနိုင်အား လည်းကောင်း ဖမ်းဆီးရမိခဲ့ကြောင်း၊ မေ ၆ ရက်မှ ၁၄ ရက်အတွင်း ညီညီနိုင်နှင့် ခိုင်ဇော်ဝင်း ပူးပေါင်း၍ ရေစကြိုမြို့ရှိ တပ်ရင်းတစ်ရင်းမှ ခိုးယူထားသည့် လက်နက်ငါးလက်အား ဖော်ထုတ်သိမ်းဆည်းရမိပြီး သက်သေခံရွှေထည်ပစ္စည်း ၂ ပိဿာ ၃ ကျပ်သား ၃ပဲတို့ကို ဖော်ထုတ်သိမ်းဆည်းရမိခဲ့ကြောင်း၊ တရားခံများအား ဆက်လက်စစ်ဆေး၍ တရားဥပဒေအရ အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့အလင်း ဒိုက်ထိုးပါ

အမျိုးသားများ ဒိုက်ထိုးလေ့ကျင့်ခန်း ပုံမှန်ပြုလုပ်ပါလျှင် သွေးတိုး၊ ဆီးချိုနှင့် ဆီးကျိတ်ကင်ဆာများ ဖြစ်ပွားမှု လျော့နည်းနိုင်သည်ဟုဆို

ဒိုက်ထိုးခြင်း လေ့ကျင့်ခန်းကို အမျိုးသားများအနေဖြင့် နေ့စဉ် ၁၅ မိနစ်ခန့် ပုံမှန်ပြုလုပ်ပေးပါက သွေးတိုးနှင့် ဆီးချိုရောဂါများဖြစ်ပွားမှုကို လျော့ကျစေနိုင်ကြောင်း ဂျပန်ဆေးသိပ္ပံပညာရှင်များကပြောကြားသည်။



ကာကွယ်ပေးနိုင်

အမျိုးသားများအနေဖြင့် ဒိုက်ထိုးခြင်းလေ့ကျင့်ခန်းသည် သွေးတိုးနှင့် ဆီးချိုရောဂါ ဖြစ်ပွားမှုကို ကာကွယ်ပေးနိုင်သည့်အပြင် ဆီးကျိတ်ကင်ဆာဖြစ်ပွားမှုလည်း ကာကွယ်ပေးနိုင်ကြောင်း သိရသည်။

စာမျက်နှာ ၁၂ ကော်လံ ၆ ■

ထူးခြားသည့် နေ့အပူချိန် (၁၄-၅-၂၀၀၉)

ညောင်ဦး	၄၂ ဒီဂရီစင်တီဂရိတ်
မင်းဘူး	၄၂ ဒီဂရီစင်တီဂရိတ်

မှတ်သားဖွယ်ရာ မိုးရေချိန် (၁၄-၅-၂၀၀၉)

ဘီးလင်း	၂ ဒသမ ၈၃ လက်မ
ထားဝယ်	၂ ဒသမ ၇၅ လက်မ
မိုးကုတ်	၂ ဒသမ ၆၄ လက်မ
ခရမ်း	၂ ဒသမ ၅၂ လက်မ
ကော့ကရိတ်	၂ ဒသမ ၃၆ လက်မ